


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# ပါရမီဘာကြောင့်မလိုတာတုံး

# ဒီနည်းအတိုင်းသာအားထုတ်ပါ

(၂၃၆)

ဟောကြားသည့်နေ့
၁-၂-၆၀

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

## ပါရမီဘာကြောင့် မလိုတာတုံး

(ဒီနည်းအတိုင်းသာအားထုတ်ပါ)

ဟောကြားသည့်နေ့ (၁-၂-၁၉၆၀)

ဘယ်လိုအလုပ်လုပ်ရင် ရမယ်ဆိုတဲ့ဥစ္စာ ပုဂ္ဂိုလ်စရိုက် မရွေးဘဲနဲ့ ဟောထားတဲ့တရားရှိသည်လို့ မှတ်ရမယ် ... (မှန်လှပါဘုရား)။

## ဘုရားကိုယ်တော်တိုင်ဟောထားတယ်

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ယခုဘဝနိဗ္ဗာန်ရတဲ့ ပုဂ္ဂိုလ်များဟာ ဘယ်လိုအလုပ်လုပ်ရင်ရတယ်ဆိုတဲ့ ဥစ္စာကို သေသေချာချာ အင်္ဂုတ္တိုရ်ပါဠိတော်ကြီးများမှာ ဟောပြီးသကာလ

ထားသောကြောင့် ယခုဘဝနိဗ္ဗာန်ရတဲ့ ပုဂ္ဂိုလ်၏ရှုပုံ၊ မှတ်ပုံ၊ သိပုံ၊ တစ်ပါးသောကိလေသာတွေနဲ့ မရောပုံ၊ အဲဒါတွေပြပြီးသကာလ ဒီလိုသာတဲ့ ငါပြောတဲ့အတိုင်း လုပ်ကြမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ ပါရမီမလိုပါဘူး။

## ပါရမီအာကြောင့်မလိုတာတုံး

ပါရမီမလိုဘူးဆိုတဲ့အဓိပ္ပါယ်သည် ရှုပုံ၊ မှတ်ပုံ၊ သိပုံ၊ ကိလေသာကြားမခြားပုံကို ဒကာ၊ ဒကာမတွေက ယခုပြောတဲ့ အတိုင်းသိပြီး၊ ယခုပြောတဲ့အတိုင်းအားထုတ်ကြမယ်ဆိုလို့ ရှိရင်ဖြင့်တဲ့ ဒီဘဝမှာပဲ အာသဝေါကုန်ခမ်း ရဟန္တာဖြစ်ပြီး သကာလ၊ သေသည်၏ အခြားမဲ့၌ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကို ရနိုင်တယ်ဆိုတဲ့အကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်ကြီး မှာ ရှုပုံနည်းလမ်းကို ဒကာကြွယ်တို့၊ ဒကာသစ်တို့ သေသေချာ ချာပြထားတယ်. . . (မှန်လှပါဘုရား)။

အဲဒီတော့ ဒကာ၊ ဒကာမတို့ အလုပ်တရားဆိုတဲ့ဥစ္စာ အင်မတန်မှ အရေးကြီးတာကို ပြောရဟောရမှာဖြစ်နေတော့ ဒကာ ဒကာမတွေ လွယ်လွယ်ကူကူနဲ့ တို့ဒီနေရာ၊ ဒီဌာနရောက် ပြီး၊ ဒီဆရာဘုန်းကြီးနဲ့ တွေ့ကြရတယ်ဆိုတဲ့ဥစ္စာလေး ရှေ့ပိုင်းက ဒုလ္လဘတရားငါးပါးလေးကိုလည်း ကိုယ်ရထိုက်တယ်၊ မရ ထိုက်တယ် သိဖို့ရာလေးကိုလည်း ချိန်ကြပါအုံး. . . (မှန်လှပါ ဘုရား)။

အဲဒီတော့ဒုလ္လဘတရားငါးပါးဆိုတဲ့ဥစ္စာကို ရှေးဦးစွာ ရှေ့ပိုင်းကရှင်းပြမယ်။ သာရန္ဒဒသုတ်ဆိုပြီးသကာလ အင်္ဂုတ္တိုရ်ပါဠိတော်ကြီးမှာလာထားသည်လို့ မှတ်ရမယ်။

## သူတို့တွေးတာအလွဲချည်းပါပဲ

လောကီသူတို့ ရချင်တာတွေကို သူတို့ ဉာဏ်မှီသလောက်နဲ့ လိစ္ဆဝီမင်းသားတွေက သာရန္ဒဒစေတီအနားမှာ သူတို့တွေးကြတယ်။ သူတို့တွေးတာကတော့ အလွဲချည့်ပါပဲလို့ပဲ မှတ်ကြပေတော့။

၁။ ဆင်ရတနာဆိုတာရခဲတယ်။

၂။ မြင်းရတနာဆိုတာရခဲတယ်။

၃။ ပတ္တမြားရတနာဆိုတာရခဲတယ်။

၄။ မိန်းမရတနာဆိုတာရခဲတယ်။

၅။ သူဌေးကြီးရတနာဆိုတာရခဲတယ်။ သူတို့ကရခဲတဲ့ (၅)မျိုး သူတို့ချင်းတွေးတောနေကြတယ်။

## လိစ္ဆဝီမင်းသား (၅၀၀)

အဲဒီသူတို့က သူတို့ချင်းတွေးတောတာဖြစ်တော့ လိစ္ဆဝီမင်းသား (၅၀၀)က ဆုံးဖြတ်ချက်ချလို့ မရကြဘူး၊ ကိုယ့်အထင်နဲ့ကိုယ်ပြောကြတာဖြစ်နေတော့၊ ဒီလိစ္ဆဝီမင်းသား (၅၀၀)က လူ

တစ်ယောက်လွှတ်ထားတယ်၊ ဒီလမ်းကွာ ဘုရားလည်း ကြွနေကျ လမ်းလည်းဖြစ်ပါတယ်။

အဲဒီဘုရားကြွလာလို့ရှိရင်ဖြင့် ပင့်ပါကွာ၊ တို့ဆီ ခေတ္တ ကြွပေးပါလို့ဆိုပြီး လူတစ်ယောက်လွှတ်ထားတယ်။ လွှတ်ထားတဲ့အတိုင်းပဲ ဘုရားကလည်း ကြွလာတာနဲ့ လိစ္ဆဝီမင်းသားတွေ လွှတ်ထားတဲ့ ဒကာက ပင့်ပြီးသကာလ ဘုရားကပဲစပြီး လိစ္ဆဝီ မင်းသားတွေရှိခိုးဦးတင်တဲ့ အခါမှာ မင်းတို့ငါလာတဲ့အခါ ဘာများပြောဆိုနေကြသတုံး. . .။

## ဒုလ္လဘတရား (၅)ပါး

တပည့်တော်တို့ ရခဲတဲ့အကြောင်း (၅)ပါး၊ ဒုလ္လဘ (၅)ပါး ပြောနေပါတယ်ဘုရား။ ပြောစမ်းပါဦးဆိုတော့ ခုနက ပြောတာတွေ လျှောက်ပြောပါတယ်။

ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ မိန်းမရတနာ၊ သူဌေးကြီးရတနာ (၅)ခုဟာ ရခဲတယ်လို့ တပည့်တော်တို့တွေးနေကြပါတယ်ဘုရားဆိုတော့၊ အဲဒါတွေဟာ ရခဲတာမဟုတ်ပါဘူးကွာ။ ဒါတွေအလွယ်လေးတွေပါလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကဟောလိုက်တယ်။

## ၁။ ဘုရားသာသနာနဲ့ကြုံပြီ

ရခဲတဲ့ဒုလ္လဘ (၅)ပါးကို သေသေချာချာမှတ်ကြလို့ဆိုပြီး ဒီလိစ္ဆဝီမင်းသားတွေကို ဟောတယ်။ အဲဒီရခဲတဲ့ (၅)ပါးက -

ဒကာဒကာမတို့ ဘုရားသာသနာနဲ့ ကြုံဖို့ရာကလည်း ရခဲတဲ့တစ်မျိုး၊ တစ်နံ့ပါတ်ကဘာပါလိမ့် . . . (ဘုရားသာသနာနဲ့ ကြုံဖို့ရာပါဘုရား)။

## ပါရမီပြည့်ပြီးသားပုဂ္ဂိုလ်တွေ

အဲဒီတော့ကိုယ်ကိုယ်တိုင် စဉ်းစားကြည့်ပါ၊ ဘုရားသာသနာ (၅၀၀၀)အတွင်းမှာပဲ ရှိပါသေးတယ်ဆိုသဖြင့် ဩော် . . တို့ သည်ကားလို့ဆိုလို့ရှိရင် ဘုရားဟောတော်မူတဲ့အတိုင်း သာသနာတွင်း ကြုံပြီးသကာလ နေလိုက်တဲ့အဖြစ်ဟာလည်း တို့မှာဖြင့် မဂ်ဖိုလ်ရကြောင်း တစ်ကြောင်းအပါအဝင်ဖြစ်ပြီးသကာလနေတဲ့ အတွက် ဒို့ဖြင့်နောက်ကပါရမီ ဖြည့်ခဲ့လေရော့သလား၊ မဖြည့်ခဲ့ လေရော့သလား မတွေးပါနဲ့ ပြည့်ပြီးသားဆိုတဲ့ အဓိပ္ပါယ်ဟာ လာပြီးထောက်ခံချက်ပေးတယ် . . . (မှန်လှပါဘုရား)။ သဘော ကျပြီနော် . . . (ကျပါတယ်ဘုရား)။

## ၂။ ဟောတတ်တဲ့ဆရာကောင်းနဲ့ကြုံပြီ

ဒုတိယတစ်ခါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါဘုရား ဟောတဲ့တရားတွေကို သေသေချာချာကျကျနန မဂ်ဖိုလ်ဆိုက်အောင် ဟောနိုင်တဲ့ပုဂ္ဂိုလ်ဟာလည်း မင်းတို့ကြုံဖို့ရာ အင်မတန်ခဲယဉ်းပါတယ်ကွာ၊ အဲဒီပုဂ္ဂိုလ်နဲ့ကြုံဖို့ရာဟာ ဒုလ္လဘတစ်မျိုးပါပဲလို့ ဟောလိုက်သဖြင့် ခု ဆရာကောင်း၊ သမားကောင်းကြုံပြီး နာကြရတော့ သေသေချာချာလုပ်ရင်လည်း သေသေချာချာခရီးပေါက်တယ်ဆိုတာကလည်း ဒကာကြွယ်တို့ ကိုယ်တိုင်သိပြီးသားဖြစ်နေတယ် . . . (မှန်လှပါဘုရား)။

အဲဒီတော့ ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ ငါဘုရား၏ တရားကို ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ တွေ့ဖို့ရာလည်း ဒုလ္လဘတစ်မျိုးပဲလို့ နှစ်နံပါတ် ပြောလိုက်တယ် . . . (မှန်လှပါဘုရား)။

သုံးနံပါတ်က ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောဟော၊ ငါ၏တပည့်သားများကပဲ နိဗ္ဗာန်ရောက်ကြောင်း ဟောဟော သိတတ်တဲ့ဉာဏ်၊ ထောင်နိုင်တဲ့နား၊ ထောင်နိုင်တဲ့ နားနဲ့ထောင်ပြီး သိတတ်တဲ့ဉာဏ်ရှိဖို့ရာလည်း ဒုလ္လဘတစ်မျိုးပဲ။

## ၃။ ထောင်နိုင်တဲ့ဉာဏ်နားနဲ့ပြည့်စုံပြီ

သိတတ်တဲ့ဉာဏ်ရှိဖို့ရာလည်း ဒုလ္လဘတစ်မျိုးပဲလို့ ဟောလိုက်တော့ ဒီဒကာ ဒကာမတွေက ကိုယ့်ဟာကိုယ်စစ်ဆေးပြီး သကာလ တို့ဘုန်းကြီးဟောတာ ဘုရားတရားတွေ၊ ပါဠိ

တော်ကြီးတွေထဲကယူပြီး ပြောနေတယ်၊ ကိုယ့်ခန္ဓာနဲ့ ကိုက် ပြီးတော့ကို၊ ပါဠိတော်နဲ့ ကိုယ့်ခန္ဓာနဲ့ ကိုက်ကိုက် ကိုက်ကိုက်ပြီး တို့အသေအချာ ရှုလိုက်တဲ့အခါ တို့ခန္ဓာဖြစ်စဉ်နဲ့ ဟောလိုက် တဲ့တရားနဲ့ဟာ ကိုက်ကိုက်နေတယ်လို့ ဆိုလို့ရှိရင်လည်း ထောင် တတ်တဲ့ဉာဏ် နားရှိလို့သာလျှင် ဒကာဒကာမတွေခု နေ့တိုင်း ထောင်နိုင်ကြတယ် ဆိုတာ ဒုလ္လဘတရားထဲမှာလည်း ထောင် နိုင်တဲ့ ဉာဏ်နားရှိတာ ပြည့်စုံပြီးသားလို့ မှတ်လိုက်ပါ . . . (မှန်လှပါဘုရား)။

ဘယ်နှစ်ချက်ရှိသွားပြီတုံး. . . (သုံးချက်ရှိပါပြီဘုရား) သုံးချက်ရှိသွားပြီလို့ ဒကာဒကာမတွေကမှတ်ပါ။

## ၄။ ကျင့်နိုင်တဲ့စွမ်းရည်ပြည့်စုံနေပြီ

ပြီးတော့ကွာတဲ့ ငါဘုရား၏ တရားကို ထောင်နိုင်တဲ့နား၊ ပညာနားရှိပြီးသကာလ ထောင်နိုင်ကြငြားသော်လည်း ဒီတရား အတိုင်း"**ဓမ္မာနုဓမ္မပဋိပတ္တိ**" ဆိုတဲ့ ကျင့်မှုအလုပ်ကိုလုပ်နိုင်တဲ့ စွမ်းရည်သတ္တိ၊ ကျင့်ပါ့မယ်၊ ကျင့်ဖြစ်အောင်ကျင့်လည်း ကျင့်တယ်ဆိုတဲ့၊ ကျင့်နိုင်တဲ့စွမ်းရည်သတ္တိရှိဖို့ရာလည်း ဒုလ္လဘ တရား တစ်ပါးပါပဲလို့ ဟောလိုက်တယ်. . . (မှန်လှပါဘုရား)။

သိပြီးမကျင့်တာကရှိသေးတယ်. . . (မှန်လှပါဘုရား)။ ခုတော့ ကျင့်နိုင်တဲ့ ဒကာ ဒကာမတွေဖြစ်နေတယ်ဆိုတာ, ဒကာ သစ်တို့ သေချာနေတယ် . . . (သေချာနေပါတယ်ဘုရား)။

အဲဒါကြောင့် တို့ပါရမီတွေ ဘာပါလိမ့်မတုံးလို့မတွေးနဲ့၊ ဒုလ္လဘတရား ခု (၄)ပါးပြည့်စုံနေပြီဆိုတာ စဉ်းစားကြပါတော့ (မှန်လှပါဘုရား)။

## ၅။ သူ့ကျေးဇူးပြန်ဆပ်ချင်တဲ့စိတ်တွေပေါ်ပြီ

ငါးနံပါတ်က ဒီတရားတွေကျင့်ပြီးကွာတဲ့၊ တရားတွေ နှလုံးသွင်းတိုင်းသွင်းတိုင်း၊ တရားတွေပေါ်တိုင်းပေါ်တိုင်း ဩော်. . . တို့ဆရာကျေးဇူးရှင်ကို၊ တို့မျက်စိ၊ နားတွေဖွင့်ပေးတဲ့ ပုဂ္ဂိုလ်ပဲ။

ဒါ့ကြောင့် တို့အသိဉာဏ်တွေ ထူးခြားပြီးသကာလ ဒုက္ခချုပ်တဲ့နေရာလည်းမြင်ကြရ၊ ဒုက္ခတွေလည်းမြင်ကြရ၊ ဒုက္ခချုပ် တဲ့ နေရာဆိုတာလည်း ဒါနိဗ္ဗာန်ပဲဆိုတာလည်း သိကြရခြင်းကြောင့် ကျေးဇူးဂုဏ်တွေဖြင့် တို့လက်အုပ်ချီ၍သော်လည်းကောင်း၊ ပစ္စည်းလေးပါးဖြင့်သော်လည်းကောင်း၊ တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် မဆပ်ရင်မဖြစ်ဘူးဆိုတဲ့ သူ့ကျေးဇူးသိတတ်တဲ့ ပုဂ္ဂိုလ်ထဲမှာလည်းတဲ့ အင်မတန်ရှားတာ အဲဒီလိုအထဲမှာ ကြုံ လာပြန်တာကလည်း ဒုလ္လဘတစ်မျိုးပဲကွ. . . (မှန်လှပါဘုရား)။

သူ့ကျေးဇူးပြန်ဆက်ချင်တဲ့စိတ်တွေ စိတ်ထဲတဖွားဖွား ပေါ်ပြီးသကာလ လာတာလည်း ဒုလ္လဘတစ်မျိုးပဲ. . . (မှန်လှပါဘုရား)။

## ဒါမှဒုလ္လဘတရား (၅) ပါးအစစ်

အဲဒါတွေ ထောက်ကြည့်တော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အင်း. . နေရာကျလိုက်တာ၊ ဒီအင်္ဂါ (၅)ပါးဟာ ဖြင့်၊ ဒီဒုလ္လဘတရား (၅)ပါးဟာက ဘုရားက ဒါမှဒုလ္လဘအစစ် ကွာလို့ သေသေချာချာ ဟောထားတော့ ကိုယ့်ကိုယ်ကိုယ် ယနေ့ပဲ ချိန်ကြည့်လိုက်တဲ့အခါကျတော့ -

<u>ဒုလ္လဘတရား - ၁</u>။ ဘုရားသာသနာနဲ့ကြုံပါရဲ့လား. . . (ကြုံပါတယ်ဘုရား)။

<u>ဒုလ္လဘတရား - ၂</u>။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ဟောတတ်တဲ့ ပုဂ္ဂိုလ်နဲ့ ကြုံပါရဲ့လား. . . (ကြုံပါတယ်ဘုရား)။ နှစ်နံပါတ်လည်း ကြုံသွားတယ်နော်. . . (မှန်လှပါဘုရား)။

<u>ဒုလ္လဘတရား -၃</u>။ ဟောတတ်တဲ့ပုဂ္ဂိုလ်ရှိပြီးသကာလ ဟောနေငြားသော်လည်း ကိုယ့်နားထဲမှာ ဉာဏ်နဲ့စိုက်ပြီးသကာလ ကြည့်လိုက်တော့ ခန္ဓာထဲမှာဟော. . . အကိုက်ပဲလို့ ဉာဏ်နားနဲ့ထောင်ကြည့်တော့ ဟောတာနဲ့ခန္ဓာနဲ့ဟာဖြင့် တန်းပြီး သကာလ တစ်ထပ်တည်း၊ တစ်သားတည်း နေတော့တာပဲလို့ ဆိုတဲ့ ဉာဏ်နားကောပါကြရဲ့လား. . . (ပါပါတယ်ဘုရား)။

ကောင်းပြီ သုံးနံပါတ်လည်း ပြည့်စုံနေတော့ ဒုလ္လဘ (၃)ပါး ပြည့်စုံပြီးသကာလနေတယ်။

<u>ဒုလ္လဘတရား - ၄</u>။ လေးနံ့ပါတ်စစ်ဆေးလိုက်တဲ့အခါကျတော့ ဒကာ ဒကာမတွေ အိမ်ရောက်တဲ့အခါမှာဖြစ်စေ၊ လမ်းသွားရင်းဖြစ်စေ၊ သံဝေဂရစရာရှိတဲ့အခါမှာဖြစ်စေ ဩော် . . . ဒီခန္ဓာကြီး ပြန်ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်မှု၊ ပျက်မှုမှ တစ်ပါး ဘာမှမရှိတဲ့ ဒုက္ခသစ္စာအမှန်ပါလားဆိုတာလည်း ဉာဏ်ထဲမှာမပေါ်ကြဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

## ခန္ဓာထဲတရားရှိလို့

အဲဒါ **"ဓမ္မာနု ဓမ္မပဋိပတ္တိ"** ဆိုတဲ့ တရားရှိလို့ တရားပေါ်လာတာ ခန္ဓာထဲ ဒီတရားရှိလို့ ဉာဏ်ထဲဒီတရားတွေထင်ပြီး သကာလ လာတဲ့အလုပ်ဟာလည်း **"ဓမ္မာနု ဓမ္မပဋိပတ္တိ"** အလုပ်ဟာလည်း အလွန်ကိုရခဲတဲ့အလုပ်ပဲကွာ ဆိုတာလည်း ဒကာ ဒကာမတွေ ရနေကြတဲ့အတွက် ဒီဒုလ္လဘအတွက်ကလည်း ဒကာ ဒကာမတို့ စိုးရိမ်စရာမလိုတော့ဘူး. . . (မလိုပါဘုရား)။

<u>ဒုလ္လဘတရား - ၅</u>။ တစ်ခါဆရာသမားအပေါ်မှာ ဒကာ ဒကာမတွေက အင်း. ... ဆရာဘုန်းကြီးပြောလို့ နေ့တိုင်းသည်းခံပြီးပြောပေးလို့ တို့မှာဖြင့် ဟော့. . . ဓမ္မနဲ့ပူဇော်လို့လည်းမဆုံးနိုင်ဘူး၊ ပစ္စည်းလေးပါးနဲ့ ပူဇော်လို့လည်း တို့မှာမဆုံးနိုင်ဘူး၊ ကိုယ်တတ်အားရှိသလောက်ဖြင့် ပူဇော်ပသချင်တဲ့ စိတ်တွေကလည်း ပေါ်နေကြတယ်. . (မှန်လှပါဘုရား)။

"ကတညုတ ကတဝေဒီ" ဆိုတဲ့ တရားတွေကလည်း ပေါ်ပြီးသကာလ နေကြတဲ့ ဒကာဒကာမတွေဖြစ်တယ်ဆိုတာလည်း ကိုယ့်ဟာကိုယ် သိကြမှာပေါ့. . . (မှန်လှပါဘုရား)။

## ဒီဘဝမဂ်ဖိုလ်ရ၊ ရမယ်

အဲဒီတော့ ဒီဒုလ္လဘတရား (၅)ပါးနဲ့ ကြုံတဲ့ပုဂ္ဂိုလ်များ ဒကာဒကာမတို့ ဒီဘဝမဂ်ဖိုလ်ရရမယ်. . . (မှန်လှပါဘုရား) ဒီဘဝမဂ်ဖိုလ်ရ, ရမယ်။ ဒါဖြင့် အားငယ်စရာပါ သေးသလား . . . (မပါပါဘူးဘုရား)။

ဒါကြောင့် ဒကာဒကာမတွေက ဩော်. . . ဘယ်ဘုရားမှ မတဘဲနဲ့ ဒီဘုရားသာသနာနဲ့ ဒီဆရာနဲ့ ဒီရ, ထားတဲ့ကိုယ့်ဉာဏ်နဲ့ ဒီအလုပ်လုပ်ပြီးသကာလ ဒီဇာတ်ဆိုတဲ့ ဒုက္ခဇာတ်ကြီးကို ဒကာဒကာမတွေ သိမ်းနိုင်တဲ့ အခြေအနေဟာ ဘာမှတွေးတောမနေနဲ့တော့၊ သိမ်းဖို့ရာ အင်္ဂါပြည့်စုံတဲ့ ဘဝမို့သိမ်းသာသိမ်းပါဆိုတာ လေးစားစွာနဲ့ တိုက်တွန်းလိုက်တယ်. . . (မှန်လှပါဘုရား)။

သိမ်းသာသိမ်းတော့ ဘာမှတွေးမနေနဲ့တော့၊ သိမ်းချိန်ရောက်နေပြီ. . . (မှန်လှပါဘုရား)။ သိမ်းချိန်ရောက်တာတောင်မှ ဒကာကြွယ်ရေ တချို့ဒကာဒကာမတွေက မသိသေးတော့လေ ဩော်. . . ခုမှစရတော့ ပါရမီများ ခုမှ အစထင်ပါရဲ့လို့ ထင်မနေနဲ့ ဤအင်္ဂါစုံရင် ပါရမီစုံနေပြီ. . . (မှန်လှပါဘုရား)။ သဘောပါကြပြီလား. . . (ပါပါတယ်ဘုရား)။

**ရှေ့ဘုရားတွေကိုတောင့်တပြီးမနေနဲ့**

ဒါဖြင့် ရှေ့ဘုရားတွေလည်း တောင့်တပြီး နေဖို့မလိုဘူး . . . (မှန်လှပါဘုရား)။ ကိုယ်တောင်းထားတာတွေသည် ဒီဘဝ နောက်ဆုံးပိတ်ပြည့်ခြင်းပဲလို့ ဒကာကြွယ်တို့၊ ဒကာသစ်တို့၊ ဒကာအုန်းတို့ သေသေချာချာမှတ်ကြပေတော့. . . (မှန်လှပါ ဘုရား)။

အဲဒီတော့ကိုတဲ့ ဒီဘုရားသာသနာတော်နဲ့လည်း ခုကြုံ ဟောတတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့လည်းဆုံ၊ ထောင်ဘတ်တဲ့နားနဲ့လည်း ကြုံ၊ ကျင့်တတ်တဲ့အလုပ်တွေကလည်း ဒကာဒကာမတွေက အကုန်စုရုံးပြီးသကာလ ကျင့်ကြတယ်၊ ကျင့်ကြလို့လည်း ကျေးဇူး တော်တွေကို ပြန်ပြီးဆပ်ချင်တဲ့ စိတ်တွေကလည်း ပေါ်ကြတယ် . . . (မှန်လှပါဘုရား)။

ဒါဖြင့် ဒီအင်္ဂါ (၅)ပါးစုံနေတဲ့ ဒုလ္လဘ (၅)ပါးစုံခြင်းသည် ဒကာဒကာမတို့ သာမည့ဆုတောင်း၊ သာမညပါရမီ၊ သာမညနဲ့ ဒီအချိန် ဒီကာလ ဒီလိုရောက်လာတယ်လို့ မဆိုကြနဲ့တော့၊ စုံပြီး ရောက်လာတယ်၊ ကိစ္စပြီးဖို့ရာ အကြောင်းအကျိုးတွေ အကုန်ညီ ညွတ်နေတဲ့ဘဝကို နောက်မျှော်နေလို့ရှိရင်ဖြင့် မျှော်သက်သာ ရှည်စရာရှိတယ်၊ ခုဟာ အညွန့်တုံးမှာစိုးရတယ်. . . (မှန်လှပါ ဘုရား)။

## နောက်မျှော်ရင်အညွန့်တုံးမှာစိုးရတယ်

နောက်မျှော်ရင် ခုဟာအညွန့်တုံးမှာ စိုးရတယ် . . . (မှန်လှပါဘုရား)။ ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ရဲရဲတင်းတင်းနဲ့ပဲ ကြိုးစားပါတော့ဆိုတဲ့ဥစ္စာ ဒီဒုလ္လဘတရား (၅)ပါးက အင်္ဂုတ္တိုရ်ပါဠိတော် သာရန္ဒဒသုတ်မှာ သေသေချာချာ လိုရွှင်မင်းသားတွေ၊ အများ ဒုလ္လဘဆိုနေလို့ ဒီဒုလ္လဘကမှ ကျွတ်တမ်းဝင်နိုင်တဲ့ ဒုလ္လဘလို့ ဘုရားက အသေအချာဟောလို့ မေ့မ ပစ်ကြပါနဲ့ ဒီဥစ္စာအတော်အရေးကြီးတယ် . . . (မှန်လှပါဘုရား)။

အတော်အရေးကြီးတယ်ဆိုတာ ဒကာဒကာမတွေ ကိုယ့်အားငယ်တဲ့စိတ်၊ သြော် . . တို့ဟာအသက်ကြီးမှတွေ့ရ တယ် သာသနာနောက်ပိုင်းကျမှ တို့ဟာလည်းမွေးဖွားရတယ်၊ အင်း . . . ရောဂါကလည်းထူလို့၊ တို့မှာဖြင့် ဒီဘဝကိစ္စမှ ပြီးပါ့ မလားလို့ ကိုယ့်စိတ်ထဲမှာ ဆုတ်နစ်တဲ့ စိတ်ပေါ်တိုင်း၊ ပေါ်တိုင်း ဤ (၅)ပါး ကို စစ်ဆေးလိုက် . . . (မှန်လှပါဘုရား)။

## ဒီ (၅)ပါးညီရင် ဒီဘဝမဂ်ဉာဏ်ရမယ်

ကိုယ့်စိတ်ထဲ ဆုတ်နစ်တဲ့စိတ်ပေါ်တိုင်း၊ ပေါ်တိုင်း ဤ (၅)ပါးနဲ့ စစ်ဆေးလိုက်တော့ ဟာ . . . ဒီ (၅)ပါးညီနေရင် ဘုရား က ဒီဘဝမဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရမယ်တဲ့ဆိုထားတဲ့ဥစ္စာ ညီနေတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ဘာများဆုတ်နစ်

နေတာတုံးလို့ ကိုယ့်ဟာကိုယ်လည်း မြည်တွန်တောက်တီးပြီး သကာလ ဆုံးမ ကြပါ. . . (မှန်လှပါဘုရား)။

ဒကာကြွယ်တို့ အင်မတန်အရေးကြီးလို့ ပြောနေတယ်နော်. . . (မှန်လှပါဘုရား)။ ကဲ ဒကာသစ်တို့ ဆုတ်နစ်တဲ့စိတ် ပေါ်စရာရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။ ဒကာအုန်းတို့ ကော မရှိပါဘူး၊ အားလုံး ဒကာဒကာမတွေ ဤအင်္ဂါတွေဟာစုံ နေပါတယ်. . . (မှန်လှပါဘုရား)။

စုံနေတော့ကိုတဲ့ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီဘဝရတဲ့နည်းကို ထပ်ဖြည့်ပြီး ပေးဦးမယ်ဆိုပြီး အင်္ဂုတ္တိုရ်ပါဠိ တော်မှာ လာပြန်တယ်. . (မှန်လှပါဘုရား)။

ဒီအင်္ဂါစုံနေတဲ့ ပုဂ္ဂိုလ်ဟာ ခုငါပေးတဲ့ဤနည်းအတိုင်းနဲ့ သာ လုပ်လို့ရှိရင်ဖြင့် **"ဒိဋ္ဌေဝဓမ္မေ အာသဝါနံ ခယာဟောတိ"** ယခုဘဝ၌ကို၊ **"ဒိဋ္ဌေဝ ဓမ္မေတိ - ပစ္စက္ခဘဝသ္မိံ"** လို့ဆိုထားတော့ ကိုတဲ့ ယခုဘဝမှာပဲ ရရမယ်လို့ အသေအချာဟောတယ်. . . (မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒုလ္လဘနား လည်ပြီးတဲ့ ဒကာဒကာမတွေဖြစ်နေသောကြောင့် ဩော်. . . တို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် ခုမှအစလား၊ ခုမှအလယ်လားလို့ ဒီလိုတွေးမနေနဲ့. . . (မှန်လှပါဘုရား)။

## ဆုတ်နစ်တဲ့စိတ်မလာပါစေနဲ့

ခုမှအစလား၊ ခုမှအလယ်လားလို့ ဒကာဒကာမ တွေ ခေါင်ပြီးသကာလ ကိုယ်ဆုတ်နစ်တဲ့စိတ်ပေါ်အောင် တွေးလုံးကိုမထုတ်ပဲနဲ့ အခုနောက်ဟောလတ္တံ့ဖြစ်တဲ့ အင်္ဂါနဲ့ ညီအောင် လုပ်လိုက်လို့ရှိရင်ဖြင့် မရမရှိပါဘူးဆိုတဲ့ ပါဠိတော်ကြီး ကလည်း အင်္ဂုတ္တိုရ်ပါဠိတော်မှာပဲ လာပြန်တော့ ဪ. . . ဒုလ္လဘကလည်းကြုံ။ လုပ်နည်းကိုလည်း ဤအတိုင်းလုပ်မယ် ဆိုရင် ယခုဘဝ ရရမယ်လို့ တစ်ခါဖြည့်စွက်ပြန်တော့ ဒကာကြွယ် တို့၊ ဒကာသစ်တို့၊ ဒကာအုန်းတို့ ဘာမှကို ဆုတ်နစ်တဲ့စိတ် မလာပါစေနဲ့. . . (မှန်လှပါဘုရား)။

ဒါဆရာဘုန်းကြီးက အားပေးတာလား၊ ဘုရားဟော တော်မူတဲ့အတိုင်း အမှန်ပြောတာလားလို့ဆိုတော့ အမှန်ပြော တာ. . . (မှန်လှပါဘုရား)။ ဘုရားဟောတော်မူတာ တစ်လုံးမျှ တိမ်းပြီးသကာလ ဒကာကြွယ် ပြောတာမဟုတ်ဘူး. . . (မှန်လှပါဘုရား)။

## ဘုရားကတစ်ခွန်းနဲ့အမှန်ပြောတယ်

အမှန်တွေပြောဟောနေတာပဲဆိုတော့ ဪ. . . ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလည်း "အဒ္ဓွစ္စဝစနံ ဗုဒ္ဓါ" ဗုဒ္ဓါ - ဘုရားတို့ ထုံးစံသည်၊ အဒ္ဓွစ္စဝစနံ - နှစ်ခွန်းဘယ်တော့မှ

မပြောဘူး။ တစ်ခွန်းနဲ့အမှန်ပြောတယ်၊ အမှန်ပြောတယ်၊ အမှန်ပြောတဲ့အထဲမှာလည်း တစ်ခွန်းနဲ့အမှန်ပြောပြီးသကာလ အကျိုးရှိတာမှ သုံးတယ်ဆိုတာကလည်း ပါလိုက်သေးတယ် . . . (မှန်လှပါဘုရား)။

ဒါဖြင့် တစ်ခွန်းတည်းလည်းပြောပြန်တယ်၊ အမှန်လည်း ဆိုတတ်ပြန်တယ်၊ အကျိုးရှိတာမှလည်း သုံးတတ်တဲ့ ကိုယ်တော်ကြီးကအင်္ဂုတ္တိုရ်ပါဠိတော်မှာ သူကိုယ်တိုင်နှုတ်က ဖွင့်ဟပြီး ဟောတဲ့တရား၊ ဟောတဲ့ဒုလ္လဘ၊ နောက်ကျင့်ရမယ့် ကျင့်စဉ်ကလည်း ဟောတဲ့ကျင့်စဉ်ဖြစ်နေတော့၊ နှစ်ခွန်းမပြော၊ တစ်ခွန်းနဲ့ အမှန်ပြော၊ အမှန်ပြောတော့လည်း အကျိုးရှိတာမှ သုံးသောကြောင့် ဒကာဒကာမတို့ ကိုယ်တော်ကြီး ပြောဆိုမှုဟာလည်း သူ့အပေါ် ချို့ယွင်းချက်မပါပါဘူး. . . (မပါပါဘူးဘုရား)။

ပါသေးသလား. . . (မပါပါဘူးဘုရား)၊ နှစ်ခွန်းကော ပြောပါရဲ့လား. . . (မပြောပါဘူးဘုရား)၊ တစ်ခွန်းနဲ့အမှန်ပဲ ပြောတယ်. . . (မှန်လှပါဘုရား)။

## အကျိုးရှိတဲ့အမှန်မျိုးကိုပြောတယ်

အမှန်ပဲပြောပြန်တော့လည်း အကျိုးမရှိတဲ့ အမှန်မျိုးလား အကျိုးရှိတဲ့အမှန်မျိုးလား. . . (အကျိုးရှိတဲ့အမှန်မျိုးပါဘုရား)။ ခုအကျိုးရှိတဲ့ အမှန်မျိုးကိုလည်း ခု ဒုလ္လဘတရား (၅)ပါး၊ နောက်

ဟောလတ္တံ့ဖြစ်တဲ့ကျင့်စဉ် ဒါတွေပြောထားပြန်တော့ ဒကာ ကြွယ်၊ ဒကာသစ်တို့ လိုရင်းတော့ဖြင့် တို့ဒီဘဝအပြီးပါပဲ ဆိုတဲ့ ဉစ္စာ ဆုံးဖြတ်ချက်ချကြ. . . (မှန်လှပါဘုရား)။

ကောင်းပြီ. . . ဒါဖြင့် နှစ်ခွန်းမပြော၊ တစ်ခွန်းနဲ့ အမှန် ပြောတဲ့ ကိုယ်တော်ကြီး၊ အမှန်ပြောပြန်ပေမယ့်လည်း လောကကြီးမှာ ဘယ်သူလာတာ၊ ဘယ်ဝါလာတာ၊ ကေန်လာ ပါတယ်လို့ အကျိုးမရှိတာ ပြောတာမဟုတ်ဘူး. . . (မှန်လှပါ ဘုရား)။

## မဂ်ဉာဏ်ဖိုလ်ဉာဏ်ကေန်ရမယ်

ဒီလိုလုပ်လို့ရှိရင်ဖြင့် ငါပြောတဲ့ ဒုလ္လဘတရား (၅)ပါး လည်းကြုံမယ်၊ ငါပြောတဲ့ကျင့်စဉ်ကိုလည်း ကျင့်မယ်ဆိုလို့ရှိရင် မင်းတို့မဂ်ဉာဏ်ဖိုလ်ဉာဏ်တည်းဟူသော အကျိုးတရားတွေ မင်း တို့ ကိုယ်ပိုင်ကိုယ်ဆိုင်အဖြစ်နဲ့ မုချကေန်ရပါလိမ့်မယ်ဆိုတဲ့ အကျိုးရှိတဲ့ စကားလည်း သုံးသည်ဖြစ်လေသောကြောင့် ဒကာ ကြွယ် ဒီဥစ္စာဖြင့် လေးလေးစားစားနဲ့ပဲကျုပ်တို့လုပ်ရတော့မှာပဲ . . . (မှန်လှပါဘုရား)။

## တရားအလုပ်စဉ်

ကောင်းပြီ. . . ဒါဖြင့် ယနေ့တရားအလုပ်စဉ်ပြောတော့မယ်လို့ ဒုတိယပိုင်းမှာ ဒကာဒကာမတွေမှတ်လိုက်ပါ. . . (မှန်လှပါဘုရား)။

"**ကွမေဘိက္ခဝေ အရိယာသာဝကော ဝိညာဏသ္မိံ အနိစ္စာနုပဿီ ဝိဟာရတိ အနိစ္စသညီ အနိစ္စပဋိသံဝေဒီ သတတံ သမိတံ အဗ္ဗောကိဏ္ဏံစေတသာ အဓိမုစ္စမာနော ပညာယ ပရိယောဂါဟမာနော။ သော အာသဝါနံ ခယာ အနာသဝံစေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝဓမ္မေ အာသဝါနံ ခယာဟောတိ**" ဒါသုတ္တံပါဠိတော်အစစ်ပါပဲကွာတဲ့. . . မင်းတို့ အများကြီး ခန္ဓာငါးပါးရှိတဲ့ အနက်က စိတ်ကလေးတစ်လုံးကို ဖြစ်စေ၊ ဝေဒနာလေးတစ်လုံးကိုဖြစ်စေ၊ ရုပ်ကလေးတစ်ခုကိုပဲဖြစ်စေ၊ မင်းတို့သည်ကားလို့ဆိုရင် ရှုရမယ်ကွာ။ အနိစ္စလို့ပဲရှုရလိမ့်မယ်. . . (မှန်လှပါဘုရား)

**ကွမ အရိယာ သာဝကော** - **ကွမ** - ဤလောကကြီး၌၊ **အရိယာသာဝကော** - အရိယာတို့၏ တပည့်သားဖြစ်သော ပုဂ္ဂိုလ်သည်၊ **ဝိညာဏသ္မိံ** - စိတ်တစ်ခု၌၊ **အနိစ္စာနုပဿီ** - အနိစ္စလို့ ရှုသည်ဖြစ်၍ စိတ်ကလေးတစ်ခုပေါ်လာလို့ရှိရင် ဒကာဒကာမ တွေ ဘယ်စိတ်ပေါ်ပေါ်၊ ပေါ်ချင်တဲ့စိတ်ပေါ်ပါတဲ့ တစ်နုံပါတ် အနိစ္စလို့သာရှုလိုက်. . . (မှန်လှပါဘုရား)။

## ၁။ အနိစ္စလို့သာရှု

ပေါ်ချင်တဲ့စိတ်ပေါ် ဘယ်လိုရှုကြမယ် . . . (အနိစ္စလို့ရှုရမှာပါဘုရား)။ အနိစ္စလို့သာရှုလိုက်၊ ပေါ်ချင်တဲ့စိတ်ပေါ်လာ၊ ဖြစ်ပြီးပျက်တဲ့အနိစ္စပါလား၊ ဖြစ်ပြီးပျက်တဲ့အနိစ္စပါလားလို့ ပေါ်ချင်တဲ့စိတ်ပေါ်ပါစေ၊ ဒကာဒကာမတွေ ဘာမှမစိုးရိမ်နဲ့ . . (မှန်လှပါဘုရား)။

ပေါ်ချင်တာပေါ် ဘယ်နှယ့်ရှုကြမယ် . . (အနိစ္စလို့ရှုရမှာပါဘုရား)။ အနိစ္စလို့သာရှုဒကာကြွယ်ရဲ ဗျာများမနေနဲ့ . . . (မှန်လှပါဘုရား)။

ဝိညာဏသို့အနိစ္စာနုပဿီလို့ ဆိုထားတော့၊ ဝိညာဏသို့ စိတ်ဆိုတဲ့အတိုင်း၊ အနိစ္စာနုပဿီ - အနိစ္စဟု ရှုသည်ဖြစ်၍ အနိစ္စလို့သာ ရှုနေပါ။

## ဘယ်စိတ်ပေါ်ပေါ်၊ အနိစ္စလို့ရှု

ကောင်းပြီ၊ ဒါဖြင့် ဘယ်စိတ်ပေါ်လာလာ၊ ဒကာဒကာမတွေက ဘယ်လိုရှုကြမယ် . . . (အနိစ္စလို့ရှုရမှာပါဘုရား)။

ဩော် . . . ဒါဖြင့် နေရာကျပြီ၊ လောဘစိတ်ဖြစ်လည်း သူပေါ်ချင်ပေါ်မယ်၊ ဒေါသစိတ်ပေါ်ချင်ပေါ်မယ်၊ ကုသာစိတ်ပေါ်ချင်ပေါ်မယ်မစ္ဆရိယစိတ် ပေါ်ချင်ပေါ်မယ်၊ ဒကာကြွယ်ပေါ်ချင်တာပေါ်၊ မပေါ်ပါနဲ့လို့ဆိုလို့ ပုထုဇဉ်အဖြစ် ကတော့နေမှာမဟုတ်ဘူး . . (မှန်လှပါဘုရား)။

အာရုံ ဒွါရတိုက်တဲ့အခါပေါ်မယ်. . . (မှန်လှပါဘုရား)။ ပေါ်တော့ပေါ်မှာ၊ ပေါ်ပင်ပေါ်ငြားသော်လည်း ပေါ်လာတာကို ဒကာဒကာမတွေကတဲ့ "ဝိညာဏသို့ အနိစ္စာနုပဿီ ဝိဟရတိ" ဆိုတဲ့အတိုင်း အနိစ္စလို့သာ ရှုသာနေ. . . (မှန်လှပါဘုရား)။

## လောဘစိတ်

ရှုတဲ့အခါကျတော့ အရှင်ဘုရား. . . ဒကာဒကာမတွေ ကမေးလိမ့်မယ် တစ်နံပါတ် အရှင်ဘုရားက ဘယ်စိတ်ပေါ်ပေါ် အနိစ္စလို့ရှုလို့ ဆိုထားပြန်တော့ လောဘစိတ်ပေါ်လာတယ် ဘုရားတဲ့. . . အဲဒါလည်း အနိစ္စလို့ရှုရမှာပဲ. . . (မှန်လှပါဘုရား)

ဒေါသစိတ်ပေါ်လာရင်ကော. . . (အနိစ္စပဲလို့ရှုရမှာပါ ဘုရား)။ အင်း. . . ဝိစိကိစ္ဆာ - သံသယကလေးများပေါ်လာရင် ကော. . . (အနိစ္စလို့ရှုရမှာပါဘုရား)။

## ပျံ့လွင့်တဲ့စိတ်

အင်း. . . စိတ်ကလေးက ပျံ့လွင့်နေရင်ကော. . . (အနိစ္စလို့ရှုရမှာပါဘုရား)။ အနိစ္စလို့ပဲရှု ပျံ့လွင့်တဲ့စိတ်ပေါ်လာ ရင်ကော ရှုသာရှု. . . (မှန်လှပါဘုရား)။

ဥပမာမယ်. . . ဒါနကလေးပြုလိုက်တယ် ကုသိုလ်စိတ် ကလေးပေါ်လာရင်ကော. . . (အနိစ္စပဲလို့ရှုရမှာပါဘုရား)။ ဒါ

လည်း ရှုရမှာပဲတဲ့၊ ဒကာ ဒကာမတွေ ဝမ်းမြောက်တဲ့စိတ်ကလေး ပေါ်လာရင်ကော. . . (အနိစ္စလို့ရှုရမှာပါဘုရား)။

## ဝမ်းနည်းတဲ့စိတ်

ဝမ်းနည်းတဲ့စိတ်ပေါ်လာရင်ကော. . . (အနိစ္စလို့ရှုရ မှာပါဘုရား)။ ဘာပဲလာလာလို့ ဆိုတော့ ပုထုဇဉ်သန္တာန် ပေါ်ချင်တဲ့ စိတ်ပေါ် ကိုယ်သိတဲ့ စိတ်ဟူသ၍ကိုဖြင့် အိပ်နေတုန်းမှတစ်ပါး ကျန်တဲ့စိတ် လာချင်တဲ့စိတ်လာ ဒကာကြွယ် အနိစ္စလို့သာရှု . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (သဘောကျပါပြီ ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် ဒကာသစ်တို့ ဒကာအုန်းတို့က မေးချင်မေးလိမ့်မယ်၊ လောဘစိတ်လာတော့ ဘုရား၊ လောဘ ဟာ အင်မတန်ကြမ်းတမ်းပါတယ်၊ ကြမ်းတမ်းတဲ့စိတ် လာတဲ့အ ခါလည်း တပည့်တော်တို့က ဝိပဿနာဉာဏ်နဲ့ နောက်ကနေပြီး ရှုလိုက်တဲ့အခါ ဒီလောဘစိတ်က ရှုလိုက်တဲ့အတွက် ဘာများဖြစ် သွားသတုံးလို့ မေးဖို့လိုလာတယ်နော် . . . (မှန်လှပါဘုရား)။

## ဖြစ်ပြီးပျက်တဲ့အနိစ္စသဘော

လောဘစိတ်မဟုတ်ဘူး ဒကာအုန်းတို့ရဲ့ ဒကာအုန်းတို့ ဉာဏ်ထဲမှာ လောဘရယ်လို့ မထင်တော့ပါဘူး၊ ဖြစ်ပြီးပျက်တဲ့

အနိစ္စသဘောကိုသာ မြင်သည် ဖြစ်လေသောကြောင့်တဲ့ လောဘစိတ်က လောဘအလုပ်ကို သူမလုပ်ရရှာတော့ဘူး. . . (မှန်လှပါဘုရား)။

လောဘစိတ်က ဒကာ ဒကာမတွေ သန္တာန်ကိန်းရင် ဒီပုဂ္ဂိုလ်ကို အပါယ်လေးပါးရောက်အောင် သတ်ဖြတ်ပြီး ပို့မလို့ လာငြားသော်လည်း သူ့ကို ကျုပ်တို့က လောဘစိတ်ကို လောဘစိတ်ရယ်လို့မထားဘဲနဲ့ မင်းဟာ အနိစ္စပဲလို့ ဖမ်းပြီး ဉာဏ်နဲ့ အုပ်လိုက်တဲ့အတွက် လောဘအဆက်နဲ့တကွ လောဘကနေ ပြတ်သွားတော့ ဒကာ ဒကာမတွေက လောဘပြီးတော့၊ လောဘကဖြစ်ပျက်၊ နောက်ကရှုတာက ဝိပဿနာမဂ်ဆိုတော့ လောဘက ဒကာသစ် ဥပါဒါန်သွားသေးသလား. . . (မသွားပါဘူးဘုရား)။

အင်း. . . ရှိပါစေ. . . ရှိပါစေ ဒါဖြင့် ဥပါဒါန်ရှိမှ သံသရာကို ပဋိသန္ဓေအဖြစ်နဲ့ လှည့်နိုင်တာကိုဗျ. . (မှန်လှပါဘုရား)။ ဥပါဒါန်မှ မရှိဘဲနဲ့ လူ့ပြည်စွဲလမ်းတဲ့ ဥပါဒါန်ရှိရင် လူ့ပြည်ရောက်တယ်. . . (မှန်လှပါဘုရား)။

နတ်ပြည်စွဲလမ်းတဲ့ ဥပါဒါန်ရှိရင်. . . (နတ်ပြည်ရောက်ပါတယ် ဘုရား)။ ဥပါဒါန်တောင်မလာပါဘူး. . . (မှန်လှပါဘုရား)။ လောဘဟာ လောဘတွင်ပဲ ဒကာအုန်း ရုပ်သိမ်းသွားတယ်. . . (မှန်လှပါဘုရား)။

## ဥပါဒါန်ကူးသေးရဲ့လား

လောဘဟာ လောဘတွင် ရပ်ဆိုင်းသွားတော့ ဒကာ ဒကာမတွေ ဥပါဒါန်ကူးသေးရဲ့လား. . . (မကူးပါဘူး ဘုရား)။ ဥပါဒါန်မကူးလိုက်ရတဲ့အတွက် ကျုပ်တို့မှာ အကျိုးပေးမယ့် ကမ္မဘဝ ပေါ်သေးရဲ့လား. . . (မပေါ်ပါဘူးဘုရား)။

ဩော်. . . ဒါဖြင့် ကံလည်းမပေါ်တော့ ကံမရှိတဲ့ ပုဂ္ဂိုလ်၊ ကံကုန်နေတဲ့ ပုဂ္ဂိုလ်ကို အပါယ်အကျိုးပေးမလား၊ နတ်၊ ရွာသုဂတိအကျိုးပေးမလားလို့ မေးစရာကော ရှိသေးရဲ့လား. . . (မရှိပါဘူး ဘုရား)။

ကံမရှိတော့ဘူးလေ၊ ကြည့်လေ လောဘစိတ်ရှုလိုက်တော့ ဥပါဒါန်က လာသေးရဲ့လား. . . (မလာပါဘူးဘုရား)။ **ဥပါဒါနပစ္စယာဘဝေါ ဆိုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံကော** . . . (မလာပါဘူးဘုရား)။

အဲ့ဒါမလာတာ ထောက်ကြည့်လိုက်တော့ ဩော်. . . **ပဋိစ္စသမုပ္ပါဒ်**ဟာ အကျိုးပေးမယ့် အနာဂတ်အကြောင်းတွေဟာ ဥပါဒါန်တွေ၊ ကံတွေဟာ ဒကာကြွယ်ရေ ဆက်လို့ကိုမရဘူး. . . (မရပါဘူး ဘုရား)။

ဘာပြုလို့တုံး၊ လောဘစိတ်လာတယ်ဆိုတော့ ဒကာအုန်းတို့က ဖြစ်ပျက်ရှုပစ်လိုက်တယ်. . . (မှန်လှပါဘုရား)။ တဏှာက သူ့လက်ခံထားမှ မရှုမိမှ ဥပါဒါန်ဘက်ကူးရမှာ. . .

(မှန်လှပါဘုရား)။ ဥပါဒါန်ဘက်ကူးမှသာလျှင် ကံအလုပ်ကို သူ "**ဥပါဒါနပစ္စယာ ကမ္မဘဝ**"ဆိုပြီး ကံအကျိုးပေးရမယ်. . . (မှန်လှပါဘုရား)။ ကံကို ဖြစ်စေရမယ်မဟုတ်လား. . . (မှန်လှပါဘုရား)။

## အာသဝေါကုန်တာ

အဲ့ဒါ ယခုလာခွင့်ရပါသေးသလားလို့ မေးလိုက်တယ်. . . (မရပါဘူးဘုရား)။ သြော်. . . ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "**သောအာသဝါနံခယာ**" လို့ဆိုတာ အာသဝေါကုန်တာကွတဲ့၊ မင်းတို့က မသိလို့ဆိုတော့ ခုနက စဉ်းစားကြည့်ပါလား. . .။

ဥပါဒါန်ဆိုတာ "**ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်**"ဆိုတဲ့ ဥပါဒါန်တွေဟာ အာသဝတွေပဲ မဟုတ်လား. . . (မှန်လှပါဘုရား)။ ကာမာသဝ၊ ဒိဋ္ဌာသဝပဲ မဟုတ်လားဗျာ. . . (မှန်လှပါဘုရား)။

အင်း. . . ကာမာသဝ၊ ဒိဋ္ဌာသဝတွေပဲတဲ့၊ အဝိဇ္ဇာသဝတွေ ဖြစ်နေတော့ ဒီအာသဝတွေက လာသေးရဲ့လား . . . (မလာတော့ပါဘုရား)။

မလာတော့၊ အာသဝ သမုဒယာမှ အဝိဇ္ဇာသမုဒယော၊ **အဝိဇ္ဇာ** ပစ္စယာမှ သင်္ခါရာ၊ သင်္ခါရ ပစ္စယာမှ နောက်ပဋိသန္ဓေဝိညာဏ်လာမှာကိုးဗျ. . . (မှန်လှပါဘုရား)။ ခုတော့ လာစရာရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)။

## ဒုက္ခတွေအကုန်ပြတ်တယ်

အင်း. . . လာစရာမရှိတာ ထောက်လိုက်တော့ ဩော် . . . ဒါသည် ဒုက္ခအဆက်တွေ ပြတ်တာပါလားဆိုတဲ့ဥစ္စာ ဒုက္ခဖြစ်ကြောင်းတွေပြတ်တဲ့အတွက် နောက်ဒုက္ခတွေ အကုန် ပြတ်တယ်ဆိုတာ လေးစားစွာနဲ့ မှတ်လိုက်ပေတော့ . . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အလွန်အဖိုးတန်သွားပြီ. . . (မှန်လှပါဘုရား)။ လာတဲ့စိတ်ကလေးကို လောဘစိတ်ကလေးကို ဖြစ်ပျက်ရှုလိုက်တဲ့အတွက် ဥပါဒါန်၊ ကံတွေပြတ်တယ်. . . (မှန် လှပါဘုရား)။

ဥပါဒါန်၊ ကံတွေပြတ်တယ်ဆိုတော့၊ ဥပါဒါန်ဆိုတာ ဘာတုံ. . . "**ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်**"ဆိုတော့ ဥပါဒါန်လေးမျိုး မရှိဘူးလား. . . (ရှိပါတယ် ဘုရား)။

ဥပါဒါန်ကိုတစ်ခါ အာသဝဖွဲ့ပြန်တော့လည်း "**ကာမာ သဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ**"ပဲ၊ ဒီအာသဝတွေဟာ ပြတ်မသွား ဘူးလား. . . (ပြတ်သွားပါတယ်ဘုရား)။

ဒီအာသဝတွေက ပြတ်ပြီးသကာလသွားတော့ အာသဝ ပြတ်သွားတော့ အာသဝနိရောဓာ အဝိဇ္ဇာနိရောဓာဖြစ်ရမယ်

. . . (မှန်လှပါဘုရား)။ အဝိဇ္ဇာနိရောဓဖြစ်ရင် သင်္ခါရနိရောဓကော . . . (ဖြစ်ရမှာပါဘုရား)။

## ပဋိစ္စသမုပ္ပါဒ်ပြတ်တယ်

သင်္ခါရနိရောဓ ဝိညာဏနိရောဓကော. . . (ဖြစ်ရမှာပါဘုရား)။ ဒါတွေဖြစ်တာကို ထောက်လိုက်တဲ့ အခါကျတော့ ပဋိစ္စသမုပ္ပါဒ်အဆက်ဟာ ဒကာဒကာမတွေ ရှုတဲ့ဉာဏ်က ဖြတ်လိုက်တယ်ဆိုတဲ့ဥစ္စာ အင်မတန်မှန်သွားတယ်. . . (မှန်လှပါဘုရား)။ မမှန်ဘူးလား. . . (မှန်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘယ်ကလာတဲ့စိတ်ဖြစ်ဖြစ် ဒကာဒကာမတို့က အနိစ္စလို့ရှုစမ်းပါ. . . (မှန်လှပါဘုရား)။ အဲ. . . ဘယ်နေရာ ရှုရမှာတုံးလို့ ဒကာသစ်တို့မေးရင် လွဲလိမ့်မယ်နော်. . . (မှန်လှပါဘုရား)။ ဒကာကြွယ်က မေးရင်ကော. . . (လွဲမှာပါဘုရား) နောက်က ဒကာဒကာမတွေက မေးရင်ကော. . . (လွဲမှာပါဘုရား)။

## လာတဲ့စိတ်ကိုရှုပါ

ဘယ်နေရာရှုရမှာတုံး၊ လာတဲ့စိတ်ကိုရှုပါတော့. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

လာတဲ့စိတ်ကိုရှုပါတော့လို့ ပြောလိုက်သဖြင့် ဘယ်စိတ်

လာလာ ပုထုဇဉ်မှန်က ပုထုဇဉ်စိတ်ပဲလာရမယ်. . . (မှန်လှပါဘုရား)။ အဲဒီလာတဲ့စိတ်ကို ဒကာသစ်တို့က ဘာလုပ်ကြရမယ် . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

အဲဒီတော့ ဖြစ်ပျက်ရှုလိုက်တော့ လာတဲ့လောဘစိတ်ကိုပဲ ဖြစ်ပျက်ရှုလိုက်တော့ လောဘရှုလိုက်လို့ရှိရင်ဖြင့် လောဘဟာ တဏှာပဲမဟုတ်လား. . . (မှန်လှပါဘုရား)။

တဏှာကို ဖြစ်ပျက်ရှုလိုက်တော့ ဥပါဒါန်လာသေးရဲ့လား . . . (မလာပါဘူးဘုရား)။ ဥပါဒါန်မလာကတည်းက အာသဝေါဟာ . . . (မလာပါဘူးဘုရား)။ ကောင်းပြီကံကော ဗျာ. . . (မလာပါဘူးဘုရား)။

ကံမှမလာဘဲနဲ့ **ဇာတိ၊ ဇရာမရဏ** လာချင်လို့. . . (မရပါဘူးဘုရား)။ ဘယ်နည်းနဲ့မှမဖြစ်နိုင်တာ အထင်အရှား အမြင်သား ဖြစ်ပြီးသကာလ နေတဲ့အတွက် ဩော်. . . ဒါကြောင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက -

“**ဣမ ဘိက္ခု အရိယာ သာဝကော**” **ဣမ** - ဤလောက၌၊ **အရိယာသာဝကော** - အရိယာတို့၏ တပည့်သားဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ခင်ဗျားတို့ဟာ အရိယာတို့ရဲ့ တပည့်သားတွေပါတဲ့၊ “**ဝိညာဏသ္မိံ**” လာသော - လောဘဆိုတဲ့စိတ်၌၊ **အနိစ္စာနုပဿီ**- အနိစ္စလို့ရှုသည်ဖြစ်၍ အနိစ္စသာရှုနေတဲ့. . . (မှန်လှပါ ဘုရား)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## ရှုနေရင်အာသဝကုန်တယ်

ရှုနေလို့ရှိရင်ဖြင့် "သော အာသဝါနံ ခယာ"တဲ့ အာသဝကုန်သွားတာပေါ့တဲ့. . . (မှန်လှပါဘုရား)။ ကာမာသဝဆိုတဲ့၊ ကာမုပါဒါန်ဆိုတဲ့ အာသဝလာသေးရဲ့လား . . . (မလာပါဘူးဘုရား)။ ကာမုပါဒါန်ဆိုတာသည် ကာမာသဝပဲ၊ ဒါကြောင့် မလာပါဘူး။

ဒိဋ္ဌုပါဒါန်ဆိုတဲ့ ဒိဋ္ဌာသဝကော. . . (မလာပါဘူးဘုရား)။ မလာပါဘူး၊ ဥပါဒါန်နဲ့ တွဲပြောတာ ခင်ဗျားတို့ အာသဝမချုပ်ဘူးဆိုမှာစိုးလို့ ပြောနေတာ. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (သဘောကျပါတယ်ဘုရား)။

အဝိဇ္ဇာသဝဆိုတာလည်းတဲ့ ဒကာဒကာမတို့ သူလည်း အဝိဇ္ဇာဆိုတာသည် ခုနကဖြစ်ပျက်မမြင်လို့ လာတာကိုးဗျ. . . (မှန်လှပါဘုရား)။ ဖြစ်ပျက်မြင်တော့ လာသေးရဲ့လား. . . (မလာတော့ပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာသဝက ဖြစ်ပျက်မြင်နေတဲ့ ပုဂ္ဂိုလ်ကိုကော မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။ အဲဒီလိုချုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ကွာ. . . ဒိဋ္ဌေဝဓမ္မေတဲ့၊ ဒိဋ္ဌေဝဓမ္မေဆိုတာ ယခုပစ္စက္ခဘဝမှာကွာ.. ဆိုလိုက်တယ်၊ ဒါသူမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရမယ်လို့ ပြောတာ. . . (မှန်လှပါဘုရား)။

ယခု ပစ္စက္ခဘဝမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရမယ်လို့

ပြောထားတယ်. . . (မှန်လှပါဘုရား)။ ဒကာကြွယ်သေချာပြီ လား. . . (သေချာပါပြီဘုရား)။ နောက်က ဒကာဒကာမတွေ သေချာကြပြီလား. . . (သေချာပါပြီဘုရား)။

## ဒီအလုပ်ကိုလုပ်ပါ

အဲဒီတော့ ခင်ဗျားတို့ ဒီအလုပ်ကိုလုပ်ပါဆိုတာ ဆရာ ဘုန်းကြီးကတိုက်တွန်းရတယ်. . . (မှန်လှပါဘုရား)။ တိုက်တွန်း တာ ဘာဖြစ်လို့တုံးဆိုတော့ ခင်ဗျားတို့မှာ ငိုစရာတွေကအများ ကြီးရှိတယ်. . . (မှန်လှပါဘုရား)။

သောကပရိဒေဝ - စိုးရိမ်စရာတွေ၊ ငိုကြွေးစရာတွေက အများကြီးရှိသေးတယ်. . . (မှန်လှပါဘုရား)။ ဘာကြောင့်တုံး ဆိုတော့ ဆွေနဲ့မျိုးနဲ့သားနဲ့သမီးနဲ့နေတာတွေ. . . (မှန်လှပါ ဘုရား)။

ဆွေနဲ့မျိုးနဲ့သားနဲ့သမီးနဲ့နေတာတွေဆိုတော့ ပူစရာ တွေ၊ ငိုစရာတွေ၊ ဆွေးစရာတွေ၊ မြေလူးစရာတွေ၊ ရင်ထုစရာတွေ က ဘယ်နှယ့်နေသတုံး. . . (ရှိပါတယ်ဘုရား)။

အဲဒါတွေက လာစရာတွေရှိနေတော့ ဒကာဒကာမတို့ သူတို့က တွေ့လတ္တံ့ဖြစ်နေတော့တာကိုး၊ ယခုကတည်းကနေပြီး ရှောင်လွှဲတဲ့လမ်းရှာထားဖို့အရေးဟာက ကိုယ့်ဒုက္ခကိုယ်ရှောင် တဲ့အရေးဟာ ကိုယ့်အရေးပေါ့ဗျာ. . . (မှန်လှပါဘုရား)။

## ကိုယ့်ဒုက္ခ၊ ကိုယ်ရှောင်တာ၊ ကိုယ့်အရေး

ကိုယ့်ဒုက္ခကိုယ်ရှောင်တဲ့အရေးက. . . (ကိုယ့်အရေးပါဘုရား)။ အဲ. . . ကိုယ့်ဒုက္ခကိုယ်ရှောင်တဲ့အရေးက ကိုယ့်အရေးလို့ဆိုတော့ လာတဲ့စိတ်ဖြစ်ပျက်ရှုမယ်လို့ ဆိုလို့ရှိရင် သောကပရိဒေဝဒုက္ခဒေါမနဿနောက်ထပ်လာပါ့မလား. . . (မလာပါဘူးဘုရား)။

ဒါဖြင့်ဒကာဒကာမတို့ ကိုယ့်ကိုယ်ကို သနားလို့ရှိရင် ရှုပေး. . . (မှန်လှပါဘုရား)။ ကိုယ့်ကိုယ်ကို အပါယ်လေးပါးရောက်မှာစိုးရိမ်ရင်ကော . . . (ရှုပေးရမှာပါဘုရား) ကိုယ့်ကိုယ်ကို ဒုက္ခ၊ ဒေါမနဿ ဖြစ်မှာစိုးရိမ်ရင်ကော. . . (ရှုပေးရမှာပါဘုရား)။

ကောင်းပြီ၊ ကိုယ့်ကိုယ်ကို နောက်ထပ်ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှုတွေနဲ့ အဆက်ဖြတ်ချင်ရင်ကော. . . (ရှုပေးရမှာပါဘုရား)။

ဒါဖြင့်ဗျာ. . . ပြတ်တာကအများကြီး ရှုတာက ရှုပေးရုံလေးနဲ့ ပြတ်သွားတယ်ဆိုလို့ရှိရင် ဒကာအုန်း လေးလေးစားစားနဲ့ ကြိုးကြိုးစားစားလုပ်ထိုက်တယ်. . . (မှန်လှပါဘုရား)။

## သာသနာတွင်းနားမို့ထောင်နိုင်တာ

ဒါသာသနာတွင်းနားမို့ထောင်နိုင်တာနော်. . . (မှန်လှ

ပါဘုရား)။ သာသနာတွင်းနား၊ ထောင်နိုင်တဲ့နားရှိလို့ ဖြည့်ိ. . . ဟုတ်ပါလားဆိုတာလာတာ. . . (မှန်လှပါဘုရား)။

နို့မဟုတ်လို့ရှိရင်ဖြင့် ရှုချင်တဲ့စိတ်လည်း မလာဘူး၊ ရှုအောင်ဟောပေးမယ့် ဆရာလည်း မတွေ့ဘူး. . . (မတွေ့ပါဘူးဘုရား)။ ခုတော့ဖြင့် စုံနေပြီ ဆိုသဖြင့် ဆုတ်နစ်တဲ့စိတ်ယနေ့ ဖျောက်ပစ်ပါဆိုတာ စောစောကတိုက်တွန်းတာလည်း ခင်ဗျားတို့ သဘောကျလောက်ပါပြီ . . . (မှန်လှပါဘုရား)။

ကောင်းပြီဒါဖြင့် အနိစ္စလို့ရှု အနိစ္စလို့ရှုပြီးသည့်အခြား၌ **"အနိစ္စသ္မိံ ဣမေ ဘိက္ခဝေ အရိယာသာဝကော ဝိညာဏသ္မိံ အနိစ္စာနုပဿီ အနိစ္စသညီ"**၊ ဖြစ်ပေါ်လာလို့ရှိရင် အိုဘာမှ မဟုတ်ပါဘူး ဒါအနိစ္စလို့ပဲမှတ်ပစ်လိုက်. . . (မှန်လှပါဘုရား)။

ဒါလေးဟာ အနိစ္စပဲလို့ မှတ်ပစ်လိုက်၊ ဒါဖြင့် -

တစ်နံ့ပါတ်က အနိစ္စလို့ရှု၊

နှစ်နံ့ပါတ်က အနိစ္စလို့သာ မှတ်ပစ်လိုက်တော့. . . (မှန်လှပါဘုရား)။

## ၂။ အနိစ္စလို့သာမှတ်

ရှေ့ပိုင်းက ဘာပေါ်ပေါ် ဘယ့်နှယ့်လုပ်မလဲ. . . (အနိစ္စလို့မှတ်ရမှာပါဘုရား)။ အနိစ္စလို့သာမှတ်ပစ်လိုက်၊ အနိစ္စလို့ရှုပစ်

**လိုက်၊** **အနိစ္စလို့** မှတ်ပစ်လိုက်. . . (မှန်လှပါဘုရား)။ ဒကာကြွယ် သွက်ပစေဗျနော်. . . (မှန်လှပါဘုရား)။

သွက်ပစေလို့ ဆရာဘုန်းကြီးကပြောတာ ဘယ်နှယ့် ကြောင့် ပြောပါလိမ့်မလဲလို့ ဒကာအုန်းတို့က မေးဖို့လိုတယ်နော် . . . (မှန်လှပါဘုရား)။ မသွက်လို့ရှိရင်ဖြင့် ဒီနိယာမ တရားကြီး ဟာက သွက်သွားမှာစိုးလို့. . . (မှန်လှပါဘုရား)။

## နိယာမတရားကဘာတုံး

ကိုယ်က ဉာဏ်မသွက်ရင် နိယာမတရားကြီးကသွက် မယ်. . . (မှန်လှပါဘုရား)။ နိယာမတရားက ဘာတုံးလို့ မေးတဲ့ အခါကျတော့ **တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ** ဒါက ဘုရားမရှိလည်း ဒီအစဉ်အတိုင်းသွားနေမှာပဲ. . . (မှန်လှပါ ဘုရား)။

အဲဒီတော့ ဒကာကြွယ်ရ ဒါဘာတရားလို့ ခေါ်မတုံး . . . (နိယာမတရားပါဘုရား)။ နိယာမတရားတဲ့ အမြဲသွားနေ တာ . . . (မှန်လှပါဘုရား)။

သူကတော့ဖြင့် ခင်ဗျားတို့က ဖြစ်ပျက်မရှုလို့ရှိရင်၊ ပေါ်တဲ့ စိတ်ဖြစ်ပျက်မရှုလို့ရှိရင်ဖြင့် လောဘပေါ်လာလို့ လောဘဖြစ် ပျက် မရှုလိုက်လို့ရှိရင်ဖြင့် လောဘက တဏှာဆိုတဲ့ နာမည်ယူ ပြီးသကာလ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ သွားပစ်

လိုက်မယ်. . . (မှန်လှပါဘုရား)။

သူကနိယာမကိုးဗျ. . . (မှန်လှပါဘုရား)။ အဲဒီနိယာမကြီးကို ခင်ဗျားတို့က သွက်လိုက်ပြန်တော့လည်း သူကပြတ်ထွက်သွားတယ်. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (မှန်လှပါဘုရား)။

အဲဒီတော့ ဓမ္မနိယာမအရေးက ဓမ္မဟာ ဓမ္မဆောင်တာပဲ. . . (မှန်လှပါဘုရား)၊ ကျုပ်တို့က ပယောဂဆိုတဲ့၊ သာသနာတွင်း ကြုံတဲ့ ပယောဂအင်မတန် အားစိုက်ပြီးသကာလ မဖြစ်သေးတဲ့ ကုသိုလ်ဖြစ်အောင်ဆိုတဲ့ ဝိပဿနာအလုပ်ကို လုပ်ပါ။

## ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်တရားဆိုတာ နိယာမတရား. . . (မှန်လှပါဘုရား)။ ခင်ဗျားတို့ မရှုဘဲနေရင် ခင်ဗျားတို့ စိတ်အစဉ်အတိုင်းသွားတာပဲ. . . (မှန်လှပါဘုရား)။

ရှုလိုက်လို့ ပယောဂနဲ့ ရှုလိုက်ပြန်လို့ရှိရင်လည်း သမ္မပဓာန် လေးပါးထဲက မဖြစ်သေးတဲ့ကုသိုလ်မို့ ဖြစ်အောင်လုပ်မယ်ဟဲ့ ဆိုပြီးသကာလ ဒကာကြွယ်ရေ ဝိပဿနာကုသိုလ်ဟာ ရှေးကမဖြစ်ခဲ့ဘူးနော် . . . (မှန်လှပါဘုရား)။

ခုမှတစ်ခါတည်း ဆရာကောင်း၊ သမားကောင်းနဲ့

တွေ့ပြီးထောင်တတ်တဲ့နားရှိလို့ ကဲ. . . မဖြစ်ဘူးသေးတဲ့ မဂ်ကုသိုလ် ဝိပဿနာမဂ်ကုသိုလ်ဖြင့် စိတ်ပေါ်လာရင် နောက်က လိုက်အောင်ကြိုးစားလိုက်မဟဲ့လို့ ဒီလိုကြိုးစားလိုက်ပြန်တော့ လည်း **"အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယမော"** ဆိုတဲ့ အတိုင်း မဖြစ်သေးတဲ့ကုသိုလ်ကို ဖြစ်အောင်လုပ်ပစ်လိုက်တဲ့ အတွက် ဒကာအုန်းရေ ဟိုနိယာမတရားကြီး ဘာဖြစ်သွား သတုံး. . . (ပြတ်သွားပါတယ်ဘုရား)။

## နိယာမတရားကြီးပြတ်သွားတယ်

ဒကာကြွယ်သေချာပြီလား. . . (သေချာပါတယ် ဘုရား)။ နိယာမတရားကြီးဘာဖြစ်သွားပါလိမ့်. . . (ပြတ်သွားပါ-တယ်ဘုရား)။ ဩော်. . . နိယာမတရားပြတ်သွားတယ်ဆိုတော့ ဩော်. . ဘာများပြတ်သွားသတုံးလို့ တို့ကအောက်မေ့နေထယ်၊ နိယာမတရားဆိုတာ အမြဲတမ်းတရားကြီး သံသရာ့စက်ရဟတ် ကြီးရပ်သွားတာပါလား. . . (မှန်လှပါဘုရား)။

ဘယ်နှယ့်ဆိုကြမယ်. . . (သံသရာစက်ရဟတ်ကြီး ရပ်သွားတာပါဘုရား)။ သံသရာ့စက်ရဟတ်ကြီးရပ်သွားတော့ သံသရာ့စက် ရဟတ်ဆိုတာ အကျယ်တဝင့် ပြောစမ်းပါဦး ဆိုတော့ ဒုက္ခစက်ကြီးလည်နေတာ ရပ်သွားတာ . . . . (မှန်လှပါ ဘုရား)။

ဒုက္ခစက်ကြီးလည်နေတာ ပြတ်သွားတာ၊ သဘောပါကြပြီလား. . . (ပါပါတယ်ဘုရား)။ ဩော်. . . ဒုက္ခစက်ကြီးလည်နေတာကို မဖြစ်သေးတဲ့ ကုသိုလ်နဲ့ ဖြစ်အောင်လုပ်လိုက်တော့ ဒကာအုန်း ဘယ်နှယ့်နေသတုံး. . . (ပြတ်သွားပါတယ်ဘုရား)။

ဘယ်လောက်အဖိုးတန်သတုံး. . . (တန်ပါတယ်ဘုရား)။ စဉ်းစားပြီးနားထောင်ပါ ဒကာဒကာမတွေ ဒီဥစ္စာလေးလေးနက်နက်နဲ့ ပြောနေတာ . . . (မှန်လှပါဘုရား)။

ဒါဖြင့်ပေါ်လာတဲ့တရား. . တစ်နံပါတ်က အနိစ္စလို့ရှု၊ နှစ်နံပါတ်က အနိစ္စလို့မှတ်ပေါ့ဗျာ. . . (မှန်လှပါဘုရား)။

## ၃။ အနိစ္စလို့သာသိ

အနိစ္စ၊ အနိစ္စာနုပဿီတဲ့ ဩော်. . ပေါ်လာလို့ရှိရင်လည်း အနိစ္စလို့သာကဗျာကယာသိပေးလိုက် . . . (မှန်လှပါဘုရား)။ ဘယ်နှယ့်လုပ်ကြမယ်. . . (အနိစ္စလို့ သိပေးရမှာပါဘုရား)။

ကဲ. . . ဒါဖြင့် တစ်နံပါတ်က စိတ်ကလေးတစ်ခုပေါ်လာလို့ရှိရင် အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့သိလိုက်. . . (မှန်လှပါဘုရား)။ ဒါမြဲအောင်ပြောနေတာ ဘုရားက မြဲအောင်ပြောနေတာ။

**"အနိစ္စာနုပဿီ၊ အနိစ္စသညီ၊ အနိစ္စပဋိသံဝေဒီ"**တဲ့ ကောင်းပြီ ဒါဖြင့် အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့သိနေကြပါ . . . (မှန်လှပါဘုရား)။

## ဒီသိလုံးကလေးကဘာတုံး

ဒီသိလုံးကလေးဘာတုံးလို့မေးတဲ့အခါကျတော့ မဖြစ်ဖူးသေးတဲ့ ကုသိုလ်ဖြစ်အောင်လုပ်နေတာ၊ ဒီသိလုံးကလေးက ဘာပါလိမ့်. . . (မဖြစ်ဖူးသေးတဲ့ကုသိုလ်ဖြစ်အောင် လုပ်နေတာပါဘုရား)။

ဩော်. . . မဖြစ်ဖူးသေးတဲ့ကုသိုလ်ကို မဖြစ်ဖြစ်အောင် ဒကာ ဒကာမတွေက လုပ်နေတာ သိအောင် လုပ်တဲ့အလုပ်ပါပဲ။ မဖြစ်သေးတဲ့ကုသိုလ်ကို ဖြစ်အောင်လုပ်နေတာ ဘာပါလိမ့်. . . (သိအောင်လုပ်တာပါဘုရား)။

## မဖြစ်ဖူးသေးတဲ့ကုသိုလ်ဖြစ်အောင်လုပ်

သိအောင်လုပ်တဲ့အလုပ် ခုနက အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့သိနေတဲ့ ခုနကပြောခဲ့တဲ့ အသိကလေးတွေဟာမဖြစ်သေးတဲ့ ကုသိုလ်ကို ဖြစ်အောင်လုပ်နေတာ. . . (မှန်လှပါဘုရား)။

ဘာဖြစ်လို့ ဒီဥစ္စာလုပ်ရတာတုံးလို့ မေးဖို့မလိုဘူးလား . . . (လိုပါတယ်ဘုရား)။ အို . . . နိယာမတရားကြီးဖြတ်နေတာ လေဗျာ. . . (မှန်လှပါဘုရား)။ ဘယ်လိုမှတ်ကြမယ်. . . (နိယာမတရားကြီးဖြတ်နေတာပါဘုရား)။

## ဒုလ္လဘဆိုတဲ့ပုဂ္ဂိုလ်တွေမို့လို့

နိယာမတရားဆိုတာ ဘာစက်ကြီးပါလိမ့် . . . (ဒုက္ခစက်ကြီးပါဘုရား)။ ဩော်. . . ဒုက္ခစက်ကြီး ဖြတ်နိုင်တာဖြင့် ဒီအချိန်မျိုးဖြတ်နိုင်တာ. . . (မှန်လှပါဘုရား)။ ဒီဒုလ္လဘစုံတဲ့ ပုဂ္ဂိုလ်တွေမို့ ဖြတ်နိုင်တာ. . . (မှန်လှပါဘုရား)။

ဟို. . . မြို့ထဲ၊ ရွာထဲမှာ တရားနားလည်းမကပ်၊ အားကလည်းမထုတ်နိုင်၊ ဆင်းရဲလိုက်တာကလည်းလွန်လို့၊ သားရေး၊ သမီးရေးနဲ့လည်း ပူလိုက်တာကလွန်လို့၊ စားဖို့သောက်ဖို့ကလည်း ချည့်နဲ့၊ ဘယ်လိုမှမရှာနိုင်တဲ့ ပုဂ္ဂိုလ်ကျတော့ အနိစ္စလို့ရှုဆိုတာလည်း မကြားနိုင်. . . (မကြားနိုင်ပါဘုရား)။

အနိစ္စလို့မှတ်ပါဆိုတာကော. . . (မမှတ်နိုင်ပါဘုရား)၊ မမှတ်နိုင်ဘူး၊ အနိစ္စလို့သိဆိုတာကော. . . (မသိနိုင်ပါဘူးဘုရား)။ မသိနိုင်ဘူးတဲ့။

## မသိနိုင်တဲ့ပုဂ္ဂိုလ်တွေကျတော့

မသိနိုင်တဲ့ပုဂ္ဂိုလ်တွေကျတော့ ပဋိစ္စသမုပ္ပါဒ် နိယာမတရားကြီးကလည်း သူ့နိယာမအတိုင်းသွားနေတာ. . . (မှန်လှပါဘုရား)။ မသွားပေဘူးလား. . . (သွားပါတယ်ဘုရား)။

နိယာမအတိုင်းသွားနေတဲ့ဥစ္စာကို ဪ. . . သူ့အတွက် ဘယ်လိုစဉ်းစားရမတုံးဆိုတော့၊ ဪ . . . သူ့အတွက်စဉ်းစားရမှာ ဒီဒုက္ခပြီးဟိုဒုက္ခတွေ့ဖို့ပဲ ရှိတော့တယ်။. . . (မှန်လှပါဘုရား)။

ဟိုဒုက္ခခံစားပြီးပြန်ရင်ကော. . . (ဟိုဒုက္ခတွေ့မှာပါဘုရား)။ သူ့အတွက် ဒါပဲစဉ်းစားကြတော့ ဒကာသစ်တို့ ဒကာအုန်း. . . (မှန်လှပါဘုရား)။ ဒီ့ပြင်ဘာစဉ်းစားစရာရှိသေးသတုံး . . . (မရှိပါဘုရား)။

သူ့ဒုက္ခစက်ရဟတ်နိယာမတရားကြီး ဖြတ်တတ်တဲ့ ခုနကမဖြစ်သေးတဲ့ ကုသိုလ်က သူ့မှာဖြစ်ပါရဲ့လား. . . (မဖြစ်ပါဘူးဘုရား)။ မဖြစ်သေးတဲ့ကုသိုလ်မှ မဖြစ်တော့ ဒကာဒကာမတို့ သူ့ထုံးစံအတိုင်းသွားနေတာပဲ. . . (မှန်လှပါဘုရား)။

ထုံးစံအတိုင်းသွားနေတယ်ဆိုတာက ဒကာဒကာမတို့က အိမ်မှာရက်ကန်းခတ်နေပေမယ့် ရထားကတော့ သူ့နာရီနဲ့သူ အမှန်ထွက်နေတာပဲ. . . (မှန်ပါဘုရား)။ မထွက်ပါနဲ့ဆိုလို့ ရရဲ့လား. . . (မရပါဘူးဘုရား)။

## ဒုက္ခစက်ကြီးလည်နေမှာပဲ

ဒီအတိုင်းပဲတဲ့၊ ရထားအချိန်မှန်ထွက်သလို ခင်ဗျားတို့က နည်းနည်းမှ ဂရုမစိုက်တော့ဘူးဆိုလို့ရှိရင် ရထားအချိန်မှန် ထွက်သလိုပဲတဲ့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီးကတော့ လည်နေမှာပဲ. . . (မှန်လှပါဘုရား)။

အဲ့ဒါဖြတ်နိုင်ရင်ဖြတ်ပါ၊ မဖြတ်နိုင်လို့ရှိရင်ဖြင့် ဒကာကြွယ်ရေ ဒီစခန်းနဲ့ ဒီလမ်းချည့်ပဲသွားနေတာပဲ. . . (မှန်လှပါဘုရား)။

သူ့ဘယ်နေ့မဲချ၊ မဲချ ဒုက္ခချည့်ကျနေတာပဲ. . . (မှန်လှပါဘုရား)။ ဒီတရားကို မဖြစ်သေးတဲ့ ကုသိုလ်ကို ဖြစ်အောင်မလုပ် တဲ့ပုဂ္ဂိုလ်ဖြင့် ဘယ်သူက ဘာဖြစ်ဖြစ် သူ့မှာဖြင့် နက်ဖြန် ဘာဖြစ်မှာတုံး၊ နက်ဖြန်ဒုက္ခရောက်မယ်. . . (မှန်လှပါဘုရား)။

သန်ဘက်ခါဘာဖြစ်မှာတုံး. . . (သန်ဘက်ခါဒုက္ခရောက်ပါတယ်ဘုရား)။ ဖိန်းနွှဲခါဘာဖြစ်မှာတုံး. . . (ဖိန်းနွှဲခါ ဒုက္ခရောက်မှာပါဘုရား)။

သေပြီးဘာဖြစ်မှာတုံး. . . (ဒုက္ခရောက်မှာပါဘုရား)။ အင်းနောက် အဖန်ဖန်သေပြီးပြန်ရင်ကော. . . (ဒုက္ခရောက်မှာပါဘုရား)။ ဒုက္ခပဲပြန်ရမယ်ဆိုတော့ သူ့ ရထားသာအမှန်ထွက်နေ သလိုပဲ ဒကာဒကာမတို့ ကြောက်စရာသိပ်ကောင်းတယ်. . . (မှန်လှပါဘုရား)။ သဘောပါကျပြီလား. . . (ပါပါတယ်ဘုရား)။

## စကားမှို့လို့သုံးမျိုးပြောနေတာ

ဒါဖြင့်ဒကာဒကာမတို့ မဖြစ်သေးတဲ့ ကုသိုလ်ဖြစ်အောင် လုပ်ဆိုတာ ဒကာဒကာမတို့ ယခုရှေ့က စိတ်တစ်ခုပေါ်တယ်၊ ယခုအနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့သိဆိုတာလေးဟာ စကားမှို့ သုံးမျိုးပြောနေတာပါ။ ရှုလိုက်ရင် အကုန်ပါသွားတာ . . . (မှန်လှပါဘုရား)။

ဒါဘုရားပြောလို့သာ ဘုန်းကြီးက သုံးချက်ထပ်ပြော နေရတာ. . . (မှန်လှပါဘုရား)၊ အဲဒီတော့ ဒါ ဒုက္ခစက်ဖြတ်တာ ဆိုတာသေချာပြီလား. . . (သေချာပါပြီဘုရား)။

ဒုက္ခစက်ဖြတ်တယ်ဆိုတော့ ရှုလိုက်တဲ့အခါ လောဘ စိတ်ကလေးရှုလိုက်၊ ဒီမဂ်ကနောက်ကမလိုက်ဘူးလား. . . (လိုက်ပါတယ်ဘုရား)။ မရှုဘဲနေတော့ တဏှာ၊ ဥပါဒါန်၊ ကံ ဟောဒီ ဒုက္ခ၊ ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခမလည်လား. . . (လည်ပါတယ်ဘုရား)။

ကဲ. . . ဒီဒုက္ခစက်ကြီးလည်နိုင်သေးရဲ့လား. . . (မလည်နိုင်ပါဘူးဘုရား)။ အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့ သိနေတဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခစက်ရဟတ်နိယာမတရားဓာတ်ကြီးဟာ ပြတ်ထွက်သွားတယ်ဆိုတာ သူများပြောမဟုတ်ပါဘူး၊ ဒကာ ဒကာမတို့ ကိုယ့်ခန္ဓာထဲမှာပြတ်တာပါ. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

## သုံးဆင့်နဲ့အလုပ်လုပ်ရမယ်

ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ ဒီသုံးဆင့်နဲ့ အလုပ်လုပ်ရမယ်ဆိုတာ သေချာပြီလား. . . (သေချာပါပြီဘုရား)။ ကောင်းပြီ -

၁။ တစ်နံ့ပါတ် အနိစ္စလို့ရှု။

၂။ နှစ်နံ့ပါတ်က အနိစ္စလို့ . . . (မှတ်ရမှာပါဘုရား)။

၃။ သုံးနံ့ပါတ်က အနိစ္စလို့. . . (သိရမှာပါဘုရား)။

အနိစ္စလို့သိပေး။ ဒါဖြင့် ရှု မှတ်၊ သိပေါ့ဗျာ. . . (မှန်လှပါဘုရား)။ ဒါကဘုရား အင်္ဂုတ္တိုရ်မှာဟောတာ. . . (မှန်လှပါဘုရား)။

အနိစ္စလို့ ရှု၊
အနိစ္စလို့ မှတ်၊
အနိစ္စလို့ သိ ပါလို့ ဟောထားတယ်နော်. . . (မှန်လှပါဘုရား)။

အဲဒီတော့ တပည့်တော်တို့ ဒီလိုလုပ်ပြီးတော့ နေတဲ့အခါမှာ အင်း. . . တစ်ခါတည်း အာသဝေါကုန်ခမ်း ရဟန္တာဖြစ်မှာလားလို့မေးတော့ကွာတဲ့ ဒီလိုလေးတော့ရှိသေးတယ်၊ ဒီလိုလေးတော့ရှိသေးတယ်တဲ့။

ဘာတုန်းလို့ မေးတဲ့အခါကျတော့ - "**ဣဓ ဘိက္ခဝေ အရိယာ သာဝကော အနိစ္စနုပဿီ အနိစ္စ ဝိညာဏဿီ အနိစ္စာနုပ သိ အနိစ္စသညီ အနိစ္စ သတတံ သမိတံ**

**အဖွဲ့ကိုကွဲ**" ဒါမပြတ် ကလေးတော့ လုပ်ပေးပေါ့ကွာ. . . . (မှန်လှပါဘုရား)။

## အနိစ္စမှတစ်ပါးဘာမှမဟုတ်ပါဘူး

မပြတ်အောင်တော့ လုပ်ပေးပါလို့ ဒကာကြွယ်ရဟော တယ်နော်. . .. (မှန်လှပါဘုရား)။ မင်းတို့ ရှုရင်းမတွက်နဲ့ ဩော်. . . ဒီဉစ္စာဖြင့် အနိစ္စမှတစ်ပါး ဘာမှမဟုတ်ဘူးဆိုတာလေးတော့ ဆုံးဖြတ်ချက်ကလေးချချလိုက်ပါ. . . (မှန်လှပါဘုရား)။

အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့သိပြီးသကာလ ကိုယ့် စိတ်ကလေးဟာလည်း ဩော်. . . ဒါအနိစ္စအစစ်၊ ဘာမှမရော ဘူး။ ဒီတရားလေးဘယ်တရား ပေါ်လာလာ ဘယ်နှယ်ဆုံးဖြတ် ချက်ချမတုံး. . (အနိစ္စပါဘုရား)။ အနိစ္စအစစ်ပဲလို့ ဆုံးဖြတ်ချက် ချစမ်းပါတဲ့. . . (မှန်လှပါဘုရား)။

"**အနိစ္စတေ အဝိမုစ္စ မာနော**"လို့ ဘုရားက ဟောသော ကြောင့် အဝိမုစ္စမာနောဆိုတဲ့ဉစ္စာ အနိစ္စဟူ၍ ဆုံးဖြတ်ချက်ချ ၍ ဒါဖြင့် ဒကာ ဒကာမတွေရှုတဲ့အခါ ဒါ အနိစ္စလို့ ကောန်ဆုံးဖြတ် ချက်ချပေါ့ဗျာ. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## သားသမီးကိစ္စတွေလာလိမ့်မယ်

"အာသဝေါကိစ္စ"တဲ့ အဲဒီတော့ကွာတဲ့ ဒီလိုရှုရှုနေတဲ့ ကြားထဲမှာ ဥပမာမယ် (၅)မိနစ်ရှုတယ်ကွာ၊ (၅)မိနစ် ရှုပြီး သကာလနောက် (၅)မိနစ်ကျလို့ရှိရင်ဖြင့် လောဘ၊ ဒေါသ၊ မောဟတွေက ဒီထဲစိတ်ကူးတွေက ပြောင်းပြောင်း ပြောင်း ပြောင်းပြီးသကာလ သားကိစ္စ၊ သမီးကိစ္စတွေက ကြားထိုးအဖြစ် လာလိမ့်မယ်ကွာတဲ့. . . (မှန်လှပါဘုရား)။

အဲ့ဒါလေးတော့ မင်းတို့က မလာအောင်၊ မပြတ်အောင်၊ ဒါလေးကြားမထိုးနိုင်လောက်အောင် မင်းတို့ဂရုစိုက်ရလိမ့်မယ် . . . (မှန်လှပါဘုရား)။

ဥပမာ (၁)နာရီ ကိုယ်အမိဋ္ဌာန်ထားတယ်၊ (၃၀)မိနစ် ကိုယ်က အမိဋ္ဌာန်ထားတယ်၊ ဒီအတွင်းတော့ကွာ ကိလေသာ ကြားထိုးတော့ မခံဘူးဟေ့၊ အဲ့ဒါလေးတော့ အမိဋ္ဌာန်ချက်ထည့် ပေးပါ. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (ကျပါပြီ ဘုရား)။

## အဓိဋ္ဌာန်ထားရမယ်

ဘယ်လိုထားရမယ်၊ အမိဋ္ဌာန်ထားရမယ်၊ ဥပမာဒီနေ့ (၃၀)မိနစ်ထိုင်မယ်၊ ဒကာကြွယ် အမိဋ္ဌာန်ချက်က ဘယ်လိုထားရ မယ် (၃၀)မိနစ်အတွင်း ကိလေသာကြားထိုးမခံနိုင်ဘူးဟေ့!

(မှန်လှပါဘုရား)။ အနိစ္စနဲ့ချည့်ဆက်နေမယ်. . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

(၃၀) မိနစ်အတွင်းမှ အဓိဋ္ဌာန်ထားတော့ ဘယ်လိုနေကြမယ် ကိလေသာကြားထိုးမခံဘူး. . . (မှန်လှပါဘုရား)။ "**အဗ္ဗောကိဏ္ဏံ**" လို့ဆိုတယ်၊ "**အဗ္ဗောကိဏ္ဏံ**" ကို အဋ္ဌကထာဆရာက "**အညေဟိအသံမိဿံ**"၊ **အဗ္ဗောကိဏ္ဏံ** - တစ်ပါးသောတရားနဲ့ မရောမူ၍ ဆိုတော့၊ **အညေဟိ** - တစ်ပါး သောကိလေသာစိတ်တို့နဲ့၊ **အသံမိဿံ** - မရောဘဲ နေပါစေကွာတဲ့. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## (၁၀) မိနစ်ကိလေသာ၊ ကြားမခိုစေနဲ့

ဒါဖြင့် အနိစ္စလို့ ဆုံးဖြတ်ပြီးသည့်နောက်ကိုတဲ့ ကဲ . . . အနိစ္စတော့ ဆုံးဖြတ်ချက်ချပြီးပြီကွာ ငါတော့ (၁၀)မိနစ်တော့ဖြင့် သေသေချာချာ ကိလေသာ တစ်ပါးသောစိတ်မဝင်အောင် ငါဆက်တိုက်ရှုနေမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ ကိလေသာကြားမခိုစေနဲ့. . . (မှန်လှပါဘုရား)။

ဒီနေ့ (၁၅)မိနစ်ကြားမခိုရဘူး၊ မနက်ဖြန်ကျတော့လည်း (၁၅)မိနစ် အသေအချာလုပ်မယ် အဲဒီအကြား ကိလေသာကို အဝင်မခံဘူး၊ အဝင်ခံရင် (၃၀)မိနစ် အဓိဋ္ဌာန်ထားတာ (၃၀)မိနစ်

အတွင်း ပြန်ရအောင်လုပ်မယ်။ ဒီလိုသာလုပ်သွားကြမယ်ဆိုလို့ ရှိရင်ဖြင့်ကွာတဲ့ ဒကာဒကာမတွေတဲ့ သောထိုပုဂ္ဂိုလ်သည် အာသဝါနံ - အာသဝေါတရားတို့၏၊ ခယာ - ကုန်ခြင်းကြောင့် အာသဝေါကုန်သွားပြီပေါ့တဲ့. . . (မှန်လှပါဘုရား)။

## ယခုဘဝရ ရမယ်

ဒီလိုသာ ကိလေသာကြားမထိုးဘဲနဲ့ ဒကာဒကာမတွေက ကြိုးစားပြီးသကာလ နေကြမယ်ဆိုလို့ရှိရင်ဖြင့် **"ဒိဋ္ဌေဝဓမ္မေ"** တဲ့ **"ပစ္စက္ခဘဝသ္မိံ"** ပေါ့ဗျာ။ ယခုဘဝ၌တဲ့ တစ်ခါတည်း **"အာသဝါနံ"** အာသဝေါတရားတို့၏ **"ခယာ"** ကုန်ရာဖြစ်သော နိဗ္ဗာန်ကို **"ပဝတ္တေတိ"** ဖြစ်၏ (ဝါ) ရောက်စေ၏။

ကိလေသာကြားမထိုးဘဲနဲ့ ခုနက ရှေ့သွားကလေးနဲ့သာ လုပ်နေမယ်ဆိုရင် ဒကာအုန်း ရ ရမယ်တဲ့. . . (မှန်လှပါဘုရား)။

**"ဒိဋ္ဌေဝ ဓမ္မေ ပစ္စက္ခသ္မိံ"** လို့ ဆိုထားသောကြောင့် ယခု ပစ္စက္ခဘဝရရမှာ. . . (မှန်လှပါဘုရား)။ ဒကာကြွယ် အကြွေးတဲ့လားဗျာ. . . (မဟုတ်ပါဘူးဘုရား)။

ဒါဖြင့် ဒကာဒကာမတွေ ဒီပါဠိတော်ကလည်း ကိုယ်တော်တိုင်ဟောတဲ့ ပါဠိတော် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဖြစ်ပြီးသကာလနေသောကြောင့် ဩော်. . . တို့လုပ်ရမှာက အနိစ္စလို့ရှု အနိစ္စလို့မှတ်၊ အနိစ္စလို့သိပြီး အနိစ္စလို့ ဉာဏ်ကဒီအပေါ်မှာ တစ်ခါတည်း ဆင်းသက်အောင်သာလုပ်. . . (မှန်လှပါဘုရား)။

## ဒီအပေါ်မှာချည်းဉာဏ်သက်ပါ

ဖြစ်ပျက်အပေါ်မှာပေ့ါဗျာ. . . (မှန်လှပါဘုရား)။ ဉာဏ်ကလေးကလည်း ဒီအပေါ်မှာချည့် ဆင်းသက်ပြီးသကာလနေပြီ ဆိုမှဖြင့်တဲ့ တစ်ပါးသောကိလေသာကြားမထိုးအောင် ဒီအနိစ္စနဲ့ ရှုတဲ့ဉာဏ်နဲ့ ဝေးသွားအောင် ကိလေသာကကြားထိုးတဲ့အခါရှိသေးတယ်. . . (မှန်လှပါဘုရား)။

အဲဒီကြားထိုးတာလေး "**အဉ္စေဟိအဿံမိဿံ**"ဆိုတဲ့ အတိုင်း အဗ္ဘောကိဏ္ဏကို အဉ္စေဟိ အဿံမိဿံလို့ အဋ္ဌကထာ ဆရာများဖွင့်သောကြောင့် တစ်ပါးသောကိလေသာစိတ် တွေ၊ ဝိတက်တွေနဲ့ မရောဘဲနဲ့ (၁၅)မိနစ်ဖြင့် (၁၅)မိနစ်၊ (၁)နာရီ ဖြင့် (၁)နာရီ၊ (၃၀)မိနစ်ဖြင့် (၃၀)မိနစ်ကြားမှာ ကိလေသာမရော ဘဲနဲ့ ဒကာ ဒကာမတွေက ကြိုးစားသွားမယ်ဆိုလို့ရှိရင် "**သော အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ စေတော ဝိမုတ္တိ** ဆိုတာ အရဟတ္တဖိုလ် သမာဓိ၊ ပညာဝိမုတ္တိ ဆိုတာ အရဟတ္တဖိုလ် ပညာပဲ။

## ကောန်ရ ရမယ်

ဒါကောန်ရရမယ်ကွ. . . (မှန်လှပါဘုရား)။ ဒုလ္လဘက လည်း (၅)ပါးစုံပြီးသွားကွ၊ မင်းတို့ကလည်း (၁၅)မိနစ်၊ (၃၀)မိနစ် အကြားမှာ တစ်ပါးသော ကိလေသာကြားမညှပ်ဘူး အနိစ္စနဲ့

ရှုမှတ်တဲ့မဂ္ဂနဲ့သာ ဆက်နေမယ်ဆိုရင်ဖြင့် ငါကသေသေချာချာ ဒီဘဝ အာသဝေါကုန်ခမ်း ရဟန္တာဖြစ်တာကို တာဝန်ယူပါတယ် . . . (မှန်လှပါဘုရား)။

ဘုရားကတာဝန်ယူတာနော်. . . (မှန်လှပါဘုရား)။ ဒကာကြွယ် အားရှိစရာကောင်းတဲ့ ပါဠိတော်ပါလား. . . (မှန်လှပါဘုရား)။ အင်မတန်အားရှိစရာကောင်းတဲ့ ပါဠိတော် ဖြစ်နေသောကြောင့် ဩော်. . . တို့ခန္ဓာကိုယ်ကြီးကဖြင့် သူ့အတိုင်းသာထားမယ်ဆိုလို့ရှိရင်ဖြင့် အိုဘေးဟူသ၍ သူ့ပစ္စည်း၊ နာဘေးဟူသ၍ သူ့ပစ္စည်း၊ လက်နက်တွေဟူသ၍ သူ့မှန်ဖို့၊ အနာတွေဟူသ၍ သူ့ပေါက်ဖို့၊ ဒီလိုမနေဘူးလား. . .(နေပါတယ်ဘုရား)။

အဲဒီလိုခန္ဓာကြီးကို ခန္ဓာကြီးကို ရှေ့ကို ခင်ဗျားတို့မသွားစေနဲ့တော့၊ သူကတော့ဖြင့် ဘေးအတန်တန်၊ ရန်အထပ်ထပ် အကုန်လာသ၍ လက်ခံပါ့မယ်ဆိုတဲ့ တာဝန်ခံခန္ဓာကြီးပါ. . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## ဒီခန္ဓာကြီးမလိုချင်ပါနဲ့တော့

အဲဒီတာဝန်ခံခန္ဓာကြီးသည်ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ ဒကာ ဒကာမတို့က စဉ်းစားပါတော့တဲ့ မရချင်ပါနဲ့. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . (ကျပါပြီဘုရား)။

တာဝန်ခံခန္ဓာကြီးကိုဖြင့် ဒကာဒကာမတွေက မလိုချင်

ငါနဲ့တော့၊ ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ဒီနေ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ရှုနည်းဟောလိုက်တာ အင်မတန်သေချာ တယ်နော်. . . (မှန်လှပါဘုရား)။

စိတ်ကလေးတစ်ခုကို အနိစ္စလို့ရှု အနိစ္စလို့မှတ်၊ အနိစ္စလို့ သိ၊ အနိစ္စလို့ဉာဏ်နဲ့သက်ဝင်လိုက်. . . (မှန်လှပါဘုရား)။ အနိစ္စ လို့ပဲ ဉာဏ်နဲ့ဆုံးဖြတ်ချက်ချလိုက်. . . (မှန်လှပါဘုရား)။

တစ်ပါးသောစိတ်နဲ့ မရောဘဲနဲ့ အနိစ္စနဲ့သာနေလိုက် . . . (မှန်လှပါဘုရား)။ ဒီလိုဆိုလို့ရှိရင်ဖြင့်တဲ့ ဒီဘဝမှာပဲ၊ ယခုပစ္စက္ခ ဘဝမှာ အာသဝေါကုန်ခမ်း ရဟန္တာဖြစ်ပြီး သကာလ မိမိတို့၏ အကြိုက်ဆုံး အနှစ်သက်ဆုံးဖြစ်တဲ့ ချမ်းသာမျိုးစုံ အကုန်စုံတဲ့ နိဗ္ဗာန်ဟာဧကန် ရရမယ်လို့ ဘုရားက တာဝန် ယူသည်. . . (မှန်လှပါဘုရား)။

ပါရမီတွေ၊ ဘာတွေလိုက်ပြီးသကာလ ဒကာဒကာမ တွေကမနေပါနဲ့တော့၊ လိုက်မှာစိုးလို့ဘဲ ဒုလ္လဘတရား (၅)ပါး ရှေ့နားက အုပ်ပြီးသကာလ ပြောထားခဲ့တယ်. . . (မှန်လှပါ ဘုရား)။

## သူများပါးစပ်လမ်းဆုံးနေတယ်

ခင်ဗျားတို့ စိတ်တွေဟာ တောင်တွေး၊ မြောက်တွေးနဲ့. သူများပါးစပ်လမ်းဆုံးတာတွေက မင်းတို့က ဘယ်လိုညာလိုဆို

တာတွေက သက်ကြီး စကား သက်ငယ်ကြားတွေကလည်း ဒကာအုန်း ကြောက်ရသေးတယ်ဗျ. . . (မှန်လှပါဘုရား)။

မင်းတို့က ဘယ်လို၊ ညာလို၊ မင်းတို့လက်ထက်မှာ ဘယ်လိုအစရှိသည်နဲ့ အတော်ရှုပ်တယ်. . . (မှန်လှပါဘုရား)။ ရှုပ်သာရှုပ်တယ် သူလုပ်ပါရဲ့လား၊ သူဒီလိုသိပါရဲ့လားမေးပြန်တော့လည်း မဟုတ်ဘူး ရှေးလူကြီးတွေကို ဒီလိုနေလာတာ အဖြေထွက်မှာပဲ. . . (မှန်လှပါဘုရား)။

## ဘုရားဟောတာကိုလိုက်နာပါ

မထွက်ပေဘူးလား. . . (ထွက်ပါတယ်ဘုရား)။ အဲဒီအထွက်တွေကိုလည်း အတုခိုးစရာ၊ ကြောက်စရာ၊ လန့်စရာ၊ သူတို့နောက်ကို လိုက်စရာမလိုပါဘူး. . . (မှန်လှပါဘုရား)။ ခုဘုရားဟောတော်မူတဲ့နောက်ကို လိုက်ဖို့ပဲ. . . (မှန်လှပါဘုရား)။

## ရှုနေတုန်းကိလေသာမရောစေနဲ့

ဒါဖြင့် ဘုရားဟောတော်မူတာက စိတ်တစ်လုံးကို အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့သိ၊ အနိစ္စလို့ဉာဏ်က သက်ဝင် . . . (မှန်လှပါဘုရား)။ အနိစ္စလို့ ရှုနေတုန်း တစ်ပါးသော ကိလေသာ မရောစေနဲ့. . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . .

(ကျပါတယ်ဘုရား)။

အဲ့ဒါ မပြတ်ကလေးသာကြိုးစားဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ မပြတ်ဆိုတာက တစ်သက်လုံး မပြတ်တော့ ဘယ်သူမှ မရှိဘူး. . . (မှန်လှပါဘုရား)။ ဘယ်သူမှမရှိဘူး။

ကိုယ်က၊ ဥပမာ ဒကာသစ်က ဒီနေ့ (၁၅)မိနစ် အတွင်းမှာကွာ အနိစ္စလို့ ရှုမှတ်ပြီး သိနေတဲ့အလုပ်ကိုဖြင့် (၁၅)မိနစ်အတွင်း တစ်ပါးသော ကိလေသာ မရောအောင်နေလိုက်မယ်ဆိုရင် (၁၅)မိနစ်ကျရင် ထချင်ရင် ထပစ်လိုက်၊ မနက်ဖြန်ကျတော့ မိနစ် (၂၀)အတွင်းမှာ တစ်ပါးသောကိလေသာ အရောမခံဘူးကွာ၊ မေ့ပျောက်သွားတာပေ့ါဗျာ. . . (မှန်လှပါဘုရား)။

အခုဆရာဘုန်းကြီးဟောတဲ့နည်းကလည်း ခင်ဗျားတို့ စိတ္တာနုပဿနာ ဟောနေတော့တယ်လည်း လွယ်ပါလား. . . (လွယ်ပါတယ်ဘုရား)။ တကယ်ပဲခင်ဗျားတို့က မထေတတ်လို့ ရှိရင်ဖြင့် ထေတတ်တဲ့နည်းလည်း ဒကာကြွယ် သင်ပါဦးမယ် . . . (မှန်လှပါဘုရား)။

## ကြောင်မြည်သံကြားတဲ့စိတ်

တကယ်လို့ ကိုယ်က စိတ်ကလေးတစ်လုံး ဝိပဿနာရှု ပြီးသကာလနေတယ်၊ ဖျတ်ဆိုရှုနေရင်မတ္တနဲ့ပဲ ခွေးဟောင်သံကကြားတယ်၊ ကြောင်မြည်သံကကြားတယ်၊ အဲဒီကြားတဲ့စိတ်

ကလေးကြားတဲ့စိတ်တစ်ခါ ဖြစ်ပျက်ရှုချလိုက်ပြန်တယ်. . . (မှန်လှပါဘုရား)။

သူကြားထိုးမလို့လာတာကိုး . . . (မှန်လှပါဘုရား)။ လန့်အောင်လို့လာတာ. . . (မှန်လှပါဘုရား)။ အဲဒီလန့်အောင်လို့လာတဲ့စိတ်ဘယ်နှယ့်လုပ်မယ် . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ကြားတဲ့စိတ် ဖြစ်ပျက်ရှုလိုက်တော့ ဒါ ကြားထိုးရာမရောက်ဘူးတဲ့၊ ဝိပဿနာဖြည့်ရာရောက်တယ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဝိပဿနာပျက်သွားတာလား၊ ဝိပဿနာအကူအညီပေးလာတာလား. . . (အကူအညီပေးလာတာပါဘုရား)။ ဒီလိုကျတော့ဆရာဘုန်းကြီးက နည်းပေးသားပဲတဲ့ ဒကာဒကာမတို့ ဘယ်စိတ်လာလာ ရှုဆိုတဲ့အထဲ မပါသေးဘူးလား. . . (ပါပါတယ်ဘုရား)။

## ကြောက်တဲ့စိတ်ဖြစ်ပျက်ရှု

အင်း. . . ကြောက်တဲ့စိတ်လာရင် ကြောက်တဲ့စိတ်ဖြစ်ပျက်ရှုလိုက်တော့ သူကြောက်တာမူလ ရှုနေတဲ့ဖြစ်ပျက်နဲ့ကြားထဲမှာ ဒီကြောက်တဲ့စိတ်ကြောင့် ထပြေးမလို့ တရားတွေဝင်မလို့လာတာကိုးဗျ. . . (မှန်လှပါဘုရား)။

အဲဒီဝင်မလို့လာတာကို ကျုပ်တို့က ကြောက်တဲ့စိတ်

ဖြစ်ပျက်ရှုလိုက်တော့၊ ရှုပြီးသကာလနေလိုက်တော့ ဩော်. . . ဒီဥစ္စာသည် ကျုပ်တို့တစ်ပါးသော စိတ်ကြားခိုရာရောက်သေးသလား. . . (မရောက်ပါဘူးဘုရား)။ ဝိပဿနာပဲ ပြန်ဖြစ်တယ်. . . (မှန်လှပါဘုရား)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါဖြင့်မူလက လာသ၍ စိတ်ကို ဥပမာ ထွက်လေ၊ ဝင်လေအားထုတ်တဲ့ စိတ်ကလေး ရှုနေတုန်းကလည်း ဖြစ်ပျက်နဲ့မဂ်အကိုက်ပဲ. . . (မှန်လှပါဘုရား)။

နောက်ပေါ်လာတဲ့စိတ်ကလေးရှုနေပြန်တော့ကော . . . (ဖြစ်ပျက်နဲ့မဂ်ကိုက်ပါတယ်ဘုရား)။ တရားအားထုတ်တာ ကြာပြီကွာ (၁၅)မိနစ် ပြည့်ပြီထင်ပါရဲ့လို့ စိတ်ကလေးပေါ်လာတယ်၊ ထင်ပါရဲ့ဆိုတာ ဝိစိကိစ္ဆာစိတ်ပါပဲ. . . (မှန်လှပါဘုရား)။

## ဝိစိကိစ္ဆာစိတ်ဖြစ်ပျက်ရှု

အဲဒီဝိစိကိစ္ဆာစိတ်ကိုလည်း ဒကာ ဒကာမတွေက ဘယ်နှယ့်လုပ်ပစ်မယ်. . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။ ဖြစ်ပျက်ရှုလိုက်တာပေါ့ဗျ။

**"သမောဟာစိတ္တံ သမောဟာစိတ္တန္တိ ပဇာနာတိ"** လို့ ဘုရားက ဟောနေတာပဲ. . . ဝိစိကိစ္ဆာဟာ မောဟပဲ. . . (မှန်လှပါဘုရား)။

အဲဒီ မောဟလေး ဘာလုပ်ပစ်ရမယ်. . . (ဖြစ်ပျက်ရှုပစ်ရမှာပါဘုရား)။ ဖြစ်ပျက်ရှုပစ်လိုက်တော့ စဉ်းစားကြည့်တာပေါ့ ဒကာအုန်းတို့ ဒကာကြွယ်တို့က ဒါ ကိလေသာကြားထိုးတာလား၊ တို့က နိုင်တာလား စဉ်းစားကြည့်. . . (တို့က နိုင်တာပါဘုရား)။

လာတော့ကြားထိုးမလို့ ဝင်လာတာပဲ. . . (မှန်လှပါဘုရား)။ ဒီက ဉာဏ်က တစ်ခါတည်း သူလာမယ့် နိယာမကို ဖြတ်ပစ်လိုက်တယ်. . . (မှန်လှပါဘုရား)။

သူက ကြားတယ်၊ ကြားရင် လန့်မယ်၊ လန့်ရင် ပြေးမယ်၊ ဒီလို ကြားထိုးမလို့လာတာကို ကျုပ်တို့က လာလာခြင်း မင်းဒီစိတ်အသစ်လာတာ၊ မင်းလည်း ဖြစ်ပျက်ပဲဆိုပြီး ဉာဏ်နဲ့ရှုလိုက်တဲ့အခါကျတော့ ဒကာ ဒကာမတွေ သူသည်ကားလို့ဆိုရင် ကြားထိုးစိတ်လား၊ ကျုပ်တို့ ဝိပဿနာ အဆက်အကူးအတည့်လာတာပဲလား. . . (ဝိပဿနာအဆက်အကူး လာတာပါဘုရား)။

ဒါဖြင့် ကိစ္စမရှိဘူး. . . (မှန်လှပါဘုရား)။ ကိစ္စမရှိဘူး ဒကာ ဒကာမတို့ ဘုရားက စိတ္တာနုပဿနာထဲ အကုန်ဝင်လာတာပဲ. . . (မှန်လှပါဘုရား)။ မဝင်ပေဘူးလား. . . (ဝင်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က မဝင်မှာပဲစိုးရိမ်တယ်တဲ့၊ စိတ္တာနုပဿနာ ဝင်လာတော့ ဘေးက "ဒေါင်ခနဲ" အသံကြားလိုက်၊ "ဒက်ခနဲ" အသံကြားလိုက်၊ ကြားတဲ့စိတ်ကလေး ဒကာဒကာသစ်တို့က ဘာလုပ်ကြမယ်. . . (ဖြစ်ပျက်ရှုရမှာ ပါဘုရား)။

## ဖြစ်ပျက်မရှုတော့

ဖြစ်ပျက်ရှုတော့ ကြားတဲ့စိတ်က ကျုပ်တို့သည် ကြားပြီးသကာလ ဘာပါလိမ့်မတုံး တွေးတော့ သူပျက်တာပေါ့ဗျာ. . . (မှန်လှပါဘုရား)။ ဘာပါလိမ့်မတုံး၊ ထကြည့်ဦးမှထင်ပါရဲ့ အစရှိသည်နဲ့ ကိလေသာတွေကြားထိုးမလို့ လမ်းစထွင်လိုက်တာ. . . (မှန်လှပါဘုရား)။

လမ်းစထွင်တဲ့ ရှေးဦးစွာ ဗိုလ်လုပ်တဲ့စိတ်ကလေးကို ကျုပ်တို့က ဘာလုပ်ရမယ်. . . (ဖြစ်ပျက်ရှုရမှာပါ ဘုရား)။ ဖြစ်ပျက်ရှုလိုက်တော့ သူလမ်းစထွင်မလို့၊ အစဉ်တစိုက်သွားမလို့၊ သူ့ နိယာမကြီးကို ကျုပ်တို့က ဖြတ်ပစ်လိုက်တယ်. . . (မှန်လှပါဘုရား)။

သူ့ နိယာမကြီး ဖြတ်ပစ်လိုက်တဲ့အတွက် ဒကာကြွယ်ရေ တစ်ပါးသောစိတ် ကြားခြားသေးတယ်လို့ ဆိုလို့ရသေးရဲ့လား . . . (မရပါဘူး ဘုရား)။ မရဘူး၊ အရင် ဝိပဿနာရှုစရာစိတ်

နောက်က နောက် ဝိပဿနာ ရှုစရာစိတ်ပေါ် တာပဲလို့ မှတ်လိုက် . . . (မှန်လှပါ ဘုရား)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ ဒကာ ဒကာမတွေ **"ဣမ ဘိက္ခဝေ အရိယာ သာဝကော ဝိညာဏသ္မိံ အနိစ္စာနုပဿီ အနိစ္စသညီ အနိစ္စပဋိ သံဝေဒီ သတတံ သမိတံ အဗ္ဗောကိဏ္ဏံစေတသာ အဓိ မုစ္စမာနော ပညာယ ပရိယောဂါဠ္ဟ မာနော"**။

## ပညာနဲ့ ရှုလိုက်စမ်းပါ

ပညာနဲ့ တစ်ခါတည်းတဲ့ ဆုံးဖြတ်ချက်ချ၊ ပညာနဲ့သက် ဆင်းပြီးသကာလ ရှုလိုက်စမ်းပါတဲ့. . . (မှန်လှပါဘုရား)။

သော အာသဝါနံ ခယာအနာသဝံစေတောဝိမုတ္တိံ၊ ပညဝိမုတ္တိံဒိဋ္ဌေဝဓမ္မေ၊ ဒိဋ္ဌေဝဓမ္မေတဲ့ ယခုပစ္စုပ္ပန်ဘဝ၌ကို ပင်လျှင်ပဲ အာသဝေါတရားကုန်တဲ့ ရဟန္တာ အသေအချာဖြစ်တာ . . . (မှန်လှပါဘုရား)။

ဒါ ဘယ်သူက ဟောတာတုံး. . . (ဘုရားက ဟောတာ ပါဘုရား)။ နှစ်ခွန်းပြောတာလား၊ တစ်ခွန်းပြောတဲ့ ကိုယ်တော်ကြီး လား. . . (တစ်ခွန်းပြောတဲ့ ကိုယ်တော်ကြီးပါ ဘုရား)။

တစ်ခွန်းတည်းနဲ့ အမှန်ပြောလေသလား၊ အမှားပြေလေ သလား. . . (အမှန်ပြောတာပါ ဘုရား)။ အမှန်ပြောပေမယ့် အကျိုးမရှိတဲ့ အမှန်လား၊ အကျိုးရှိတဲ့ အမှန်လား. . . (အကျိုး ရှိတဲ့ အမှန်ပါဘုရား)။

ဩော်. . . ဒါဖြင့် နှစ်ခွန်းမပြောဘဲနဲ့ တစ်ခွန်းပြော၊ တစ်ခွန်းပြောပြန်တော့အမှန်၊ အမှန်ပြောပေမယ့် မှန်ပေမယ့် အကျိုးမရှိတာတွေက ရှိသေးတယ် . . . (မှန်လှပါဘုရား)၊ ဟိုနား မန်ကျည်းသီးကြွေကျလို့ မန်ကျည်းသီးကြွေကျတယ် ပြောတာလည်း မှန်တော့မှန်တာပဲ၊ အကျိုးမရှိဘူး . . . (မှန်လှပါဘုရား)။

မန်ကျည်းသီး ကြွေကျတာမဟုတ်ဘူးဟေ့ . . . မန်ကျည်းပင်က အနိစ္စရောက်တာဆိုတော့ အကျိုးရှိတယ် . . . (မှန်လှပါဘုရား) မရှိဘူးလား . . . (ရှိပါတယ်ဘုရား)။

## တို့ဘယ်တော့နိဗ္ဗာန်ရောက်မှာတုံး

အဲဒီလို အကျိုးမရှိတဲ့ စကားကိုလည်း မသုံးဘဲနဲ့၊ အကျိုးရှိတဲ့စကားကိုသာလျှင် သုံးတတ်တဲ့ ကိုယ်တော်ကြီးက ဟောပြောတဲ့ ပါဠိတော်ဖြစ်နေတော့ တို့ဘယ်တော့ နိဗ္ဗာန် ရောက်မှာတုံးဆိုတော့ ကိလေသာ ကြားမခြားရင် ယခုဘဝ ရမယ်မှတ် . . . (မှန်လှပါဘုရား) သဘောကျပြီလား . . . (ကျပါပြီဘုရား)။

ကိလေသာကြားမခြားရင် (ယခုဘဝရမှာပါဘုရား) ယခုဘဝ ရမယ်မှတ်ဆိုတော့ ခု ဆရာဘုန်းကြီး ပြောတာလည်း (၁) နာရီရှိပါပြီ။

ကိလေသာကြား မခြားဆိုတာ ခင်ဗျားတို့ မူလ ပေါ်လာတဲ့ စိတ်ကို၊ မူလ ရှုနေတဲ့စိတ်ကြားထဲမှာ ကြားစိတ်ဝင်တိုင်း ဝင်တိုင်းဟာ သူကိလေသာကို အဖော်၊ နောက်က အဖော် လိုက်အောင်လို့ လာတာ . . . (မှန်လှပါဘုရား)။

ကြားစိတ်ဝင်တာသည် နောက်ကိလေသာပါ ခေါ်လာမလို့ . . . (မှန်လှပါဘုရား) အဲဒီတော့ ပထမဝင်လာတဲ့ စိတ်ကို ဘာလုပ်ရမတုံး . . . (ဖြစ်ပျက်ရှုရမှာပါဘုရား)။

ဒါဖြင့် သူ့နောက်က အဖော်တွေဟာ ပြတ်ထွက်မသွားဘူးလား . . . (ပြတ်ထွက်သွားပါတယ်ဘုရား)။ အဲ့ဒါကြောင့် ခန္ဓာနိယာမဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် နိယာမကြီးလည်း ပြတ်သွားတယ် ဒုက္ခစက်ပြတ်သွားတယ်ဆိုတာလည်း သေချာတယ် . . . (သေချာပါတယ်ဘုရား)။

## သံသရာအဆက်ပြတ်သွားတယ်

သံသရာဆက် ပြတ်သွားတယ်ဆိုတာကော . . . (သေချာပါတယ်ဘုရား) အပါယ်လေးပါးနဲ့ အဆက်ပြတ်သွားတယ်ဆိုတာကော . . . (သေချာပါတယ်ဘုရား)။

ကောင်းပြီ အိုဘေး၊ နာဘေး၊ သေဘေးတွေနဲ့ အဆက်ပြတ်တယ်ဆိုတာကော . . . (သေချာပါတယ်ဘုရား) အင်း သူ့နောက်က ခေါ်လာမယ့် ကိလေသာတွေနဲ့ အဆက်ပြတ်တယ်

ဆိုတာကော . . . (သေချာပါတယ်ဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် အဆက်မျိုးစုံ ဖြတ်နိုင်တာကဖြင့် မဂ်ခါးသံလျက်မှ တစ်ပါး ဘာမှမရှိဘူး . . . (မရှိပါဘုရား)။ အဲဒီကဲ့သို့ ရှုလိုက်ပြီ ဆိုရင် အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့သိပြီးသကာလ အနိစ္စလို့ ဉာဏ်ကနေပြီးသကာလ ဆုံးဖြတ်ချက်ချ၊ အနိစ္စလို့ ဉာဏ်ကနေ သက်ဆင်းပြီးသကာလ အာရုံအပေါ်မှာ သက်ဆင်း ရမယ်နော် . . . (မှန်လှပါဘုရား)။

အဲ့ဒီကဲ့သို့ သက်ဆင်းကြမယ်ဆိုလို့ရှိရင်ဖြင့်တဲ့ မပြတ် ကလေးသာ လုပ်ပေးစမ်းပါကွာတဲ့ ဒီဘဝ နိဗ္ဗာန်မရဘူးလို့ ငါ ဘယ်တော့မှ မဟောပါဘူးတဲ့ . . . (မှန်လှပါဘုရား)။ ရိပ်မိပြီ လား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အင်မတန် အဖိုးတန်တဲ့နေ့ပဲလို့ ဒကာကြွယ်ဆို ရမယ် . . . (မှန်လှပါဘုရား)။ မဆိုထိုက်ဘူးလား . . . (ဆိုထိုက် ပါတယ်ဘုရား)။ ဒကာဒကာမတွေ အိမ်မှာကျလို့ရှိရင်လာတဲ့ စိတ်ဟူသ၍ကို အနိစ္စလို့ရှု၊ အနိစ္စလို့မှတ်၊ အနိစ္စလို့သာသိနေ၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

အဲ့ဒီကဲ့သို့ သိတဲ့အခါ ကြားကိလေသာ မညှပ်အောင် လုပ်ပါ . . . (မှန်လှပါဘုရား)။ အကယ်၍ ညှပ်မယ်လို့ လာတဲ့ စိတ်လာလို့ရှိရင် အဲ့ဒီလာတဲ့စိတ်ကို ဖမ်းပြီးသကာလ ဖြစ်ပျက် သာရှုချ . . . (မှန်လှပါဘုရား)။

## သေခါနီးမှ နိဗ္ဗာန်ရမှာလား

လာနိုင်သေးရဲ့လား . . . . (မလာနိုင်ပါဘူးဘုရား) မလာနိုင်လို့ရှိရင် ဒီဘဝနိဗ္ဗာန်ရမယ် . . . (မှန်လှပါဘုရား)။

ဒီဘဝဆိုတော့ ဘုရား သေခါနီးမှများ ရနေမှာလားလို့ ဆိုတော့ ဒါကတော့ကွာတဲ့ တချို့မှာ "ဒုက္ခပဋိပဒါဒန္ဓာ ဘိညာ" တဲ့ ကျင့်တုန်းကလည်း ခပ်ဆင်းဆင်းရဲရဲ၊ ခပ်နှေးနှေးမှ ရတာလည်း ရှိသေးတယ်ကွတဲ့ . . . (မှန်လှပါဘုရား).

အဲ့ဒါကတော့ ငါမတတ်နိုင်ဘူးတဲ့၊ မင်းတို့ ကိလေသာထူပြော မထူပြောပေါ်မှာ မှီနေတယ်၊ ရမှာကတော့ သေချာတယ်တဲ့ . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## ဆင်းဆင်းရဲရဲကျင့်ပြီး နှေးနှေးမှရ

"ဒုက္ခပဋိပဒါဒန္ဓာဘိညာ" ဆိုတာ ကိလေသာထူပြောနေတော့ကို ကျင့်တဲ့အခါ ဆင်းဆင်းရဲရဲ၊ ရတော့ နှေးနှေးကွေးကွေး . . . (မှန်လှပါဘုရား)။ မရဘူးတော့ မဟုတ်ဘူး . . . (မှန်လှပါဘုရား)။

ကျင့်တဲ့အခါမှလည်း . . . (ဆင်းဆင်းရဲရဲ ကျင့်ရပါတယ်ဘုရား)၊ ရတဲ့အခါမှာ . . . (နှေးနှေးကွေးကွေးပါဘုရား)။

အဲ့ဒါကိလေသာထူလို့ ဖြစ်ရတဲ့ ဖြစ်ထွေတော့ ဘုရားနဲ့

မဆိုင်ဘူးဗျ . . . (မှန်လှပါဘုရား) ဆိုင်ပါ့မလား . . . (မဆိုင်ပါဘူးဘုရား)။ ဘုရားနဲ့ မဆိုင်ဘူးဆိုတာ ဒကာကြွယ် သေချာပြီလား . . . (သေချာပါပြီဘုရား)။

**ဆင်းဆင်းရဲရဲကျင့်ပြီး မြန်မြန်ရ**

တချို့ကျတော့ "ဒုက္ခပဋိပဒါခိပ္ပာဘိညာ" တဲ့ အင်းကျင့်တဲ့အခါမှာ ဆင်းဆင်းရဲရဲကျင့်ပြီးရတော့ ဖျပ်ခနဲ မြန်မြန်ရတာရှိသေးတယ် . . . (မှန်လှပါဘုရား)။ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

အဲဒါကတော့ သူက ကိလေသာက ခုနက ပုဂ္ဂိုလ်ထက်ပါးလို့ပေါ့ဗျ . . . (မှန်လှပါဘုရား)။

**ချမ်းချမ်းသာသာကျင့်ပြီး နှေးနှေးမှရ**

တချို့ပုဂ္ဂိုလ်ကျတော့ "**သုခပဋိပဒါဒန္ဓာဘိညာ**" တဲ့ ချမ်းချမ်းသာသာကျင့်ပြီးနှေးနှေးမှရတာလည်း ရှိသေးတယ် . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

**ချမ်းချမ်းသာသာကျင့်ပြီး မြန်မြန်ရ**

တချို့ပုဂ္ဂိုလ်ကျတော့ ကျင့်တော့လည်း ချမ်းချမ်းသာသာ၊ ရတော့လည်း မြန်မြန်ထက်ထက် . . . (မှန်လှပါဘုရား)။

ဒီလိုတော့ရှိတယ် မရမဲ့ပုဂ္ဂိုလ်ဒီအထဲ ပါသေးသလား . . . (မပါပါဘူးဘုရား) သို့သော် ဒီ (၄) မျိုးထဲက (၁) မျိုးမျိုးတော့ ခင်ဗျားတို့ ဖြစ်ကြမှာပဲ . . . (မှန်လှပါဘုရား)။

ဘယ်သူမှ စိတ်မပျက်နဲ့ ရမှာကတော့ (၄) ယောက် စလုံး . . . (မှန်လှပါဘုရား) သေချာပြီလား . . . (သေချာပါပြီဘုရား)။

## ဒီအတိုင်းသာအားထုတ်ပါ မရမရှိဘူး

အဲ့ဒီတော့ အမြန်ဆုံးရချင်တဲ့ ပုဂ္ဂိုလ်မှန်လျှင် ကိလေသာကြားမထိုးတဲ့ ပုဂ္ဂိုလ်ဟာ အမြန်ဆုံးရမယ်လို့မှတ် . . . (မှန်လှပါဘုရား) (၇) ရက် ဒီအတိုင်းသာ အားထုတ်ပါ မရမရှိပါဘူး . . . (မှန်လှပါဘုရား)။

နည်းနည်း ကိလေသာ ထုထူတဲ့ ပုဂ္ဂိုလ်ကျတော့ (၁၄)ရက်ပေါ့ဗျာ . . . (မှန်လှပါဘုရား)၊ ဒီထက် ထုထူတဲ့ ပုဂ္ဂိုလ်ဖြင့် (၇) × (၃) = (၂၁) ရက် ဒီလိုသွားရမှာ၊ ဒီထက် ထုထူလို့ရှိရင် ထူသလောက်တော့ ကြာတော့ကြာတယ် . . . (မှန်လှပါဘုရား)။

## ဘယ်လောက်ကြာကြာ လုပ်သာလုပ်

မရကာတော့ဖြင့် . . . (မရှိပါဘူးဘုရား)၊ အဲဒီတော့ ဒကာဒကာမတို့ ဒါ မရမရှိတာက ကြိုးသာကြိုးစား ရအောင်ကြိုးစား၊

ဒီထက် ဟိုမှာ ယူဇနာ (၅၀) လောက် ပတ်လည်ရှိတဲ့ ရေအမှုန်တွေနဲ့အမျှ ဒုက္ခတွေ ခံရမှာ ကြောက်လို့ရှိရင် ဒီဟာကို ဘယ်လောက် ကြာကြာ လုပ်သာလုပ် . . . (မှန်လှပါဘုရား)၊ ရှင်းပြီးလား . . . (ရှင်းပါပြီဘုရား)။

**ကဲ . . . ယနေ့ ဒီတွင် တော်ကြစို့။**

**သာဓု . . . သာဓု . . . သာဓု။**